
# ဒိုစွမ်းပြည

## သတို့သမီးရဲ့ရာဇဝင်



# အို့စွမ်းပြည့်

## သတို့သမီးရဲ့ ရာဇဝင်

စာမူခွင့်ပြုချက်အမှတ် - ၁၁၅၃/၂၀၀၃ (၈)
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၁၀၀၇/၂၀၀၃ (၈)

၂၀၀၄ ခုနှစ်၊ ဇန်နဝါရီလ၊
ပထမအကြိမ်

တန်ဖိုး - ၃၀/-
အုပ်ရေ - ၅၀၀အုပ်

ထုတ်ဝေသူ ... ဒေါ်ခင်ခင်စိန်(ချစ်မင်းလျှံစာပေ-၁၈၁၉)
အမှတ်-၄၃/က၊ မလိခလမ်း၊ ၇-မိုင်၊
မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်း။

ပုံနှိပ်သူ ... ဦးကျော်လှိုင်(၅၅၇၃) စေတနာOFFSET
အမှတ်(၅၉)၊ (၁၉)လမ်း၊ ရန်ကုန်။

## ဒို့တာဝန်အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စု မပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး | ဒို့အရေး |

## ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

### နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

- နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
- အမျိုးသား ပြန်လည် စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

### စီးပွားရေးဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေး တစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး

### လူမှုရေး ဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး



# အိုခွမ်းပြည့်



## သတို့သမီးရဲ့ ရာဇဝင်

စီစဉ်သူ
မောင်ကျော်လှိုင်
စေတနာစာပေ





## အပိုင်း(၁)

နေက ခြစ်ခြစ်တောက် ပူနေသည်။

ကားလမ်းကြောကလည်း ပိတ်နေတာ နာရီဝက်လောက် ရှိပြီ။

သူ စိတ်မရှည်ချင်တော့။ အနီးဆုံး လမ်းသွယ်ထဲ ချိုးဝင်ပြီး တခြားလမ်းက ဖောက်ထွက်တာက ပိုပြီး အဆင်ပြေလိမ့်မည်။

ဆုံးဖြတ်ပြီးတာနဲ့ ကားကို အနီးဆုံး လမ်းသွယ်ထဲ ချိုးဝင်လိုက်သည်။

မနက်က ကား တစ်ချိန်လုံး ပြင်နေရတာကြောင့် **အုံနာ**ခတောင် မရချင်သေး။

ဟိုခပ်ဝေးဝေးက ဖြူဖြူအရိပ်တစ်ခု ပြေးလာတာကို သူ မြင်တွေ့လိုက်ရသည်။

အနီးကပ်ရောက်မှ အဖြူရောင်ဝတ်စုံကို ဝတ်ဆင်ထားသော ကောင်မလေးတစ်ယောက် ဖြစ်နေသည်။

သူမရဲ့ ပြေးနှုန်းက မြန်လွန်း၍ မာရသွန်ပြေးပွဲဝင်ပြိုင်ရင်တောင် ဆုရနိုင်သည်။

ဒီလိုပုံစံနဲ့ တွေ့ရတာ နည်းနည်းတော့ ထူးဆန်းနေသည်။

ဘာများဖြစ်နိုင်သလဲ ...

သူ့အတွေးတောင် မဆုံးသေး ကောင်မလေးက သူ့ကားကို လက်ပြပြီး တားလိုက်သည်။





သူ ကားကို ရပ်ပေးလိုက်သည်နှင့် ကောင်မလေးက ကားနောက်ခန်းတံခါးကို ဖွင့်ထိုင်ပြီး ...

"မောင်း ... မောင်း ... အမြန်မောင်း"

သူလည်း ယောင်ယမ်းပြီး ကားမောင်းထွက်ပြီးမှ သတိရသည်။

"နေပါဦး ... ဘယ်ကို မောင်းရမှာလဲ"

"မောင်းချင်တဲ့နေရာကိုမောင်း စကားမရှည်နဲ့"

နောက်ဘက်ကို လှည့်ကြည့် လှည့်ကြည့်လုပ်ကာ စိုးရိမ်ပုံပေါက်နေသော သူမကို မြင်မှ သူ ထိတ်လန့်သွားသည်။

အိမ်ကပဲ ထွက်ပြေးလာတာလား ...

"ခင်ဗျား မပြောဘဲနဲ့ ဘယ်လိုလုပ်သိမှာလဲ"

သူ့ကို အထက်စီးကပြောလျှင် နည်းနည်းလေးမှ သည်းမခံတတ်တဲ့ သူ့ဉာဉ်အတိုင်း သူ့လေသံက နည်းနည်းမာကျောသွားသည်။

"ဒုက္ခပါပဲ ... မိတော့မှာပဲ"

ပန်းပွင့်သေးသေးလေးတွေ စီတန်းထားသော ခေါင်း ဆောင်းလိုဟာမျိုးလေး ဖျတ်ခနဲ ဆွဲဖြုတ်ရင်း သူမ ညည်းတော့ သေချာသွားသည်။

ညှော့်ခံပွဲတစ်ခုခုက အမြန်ပြေးလာခဲ့သည်ပေါ့။

"မောင်းပါရှင့် မောင်း ... မောင်း"

နေရင်းထိုင်ရင်း သူ့ကို အမှုပတ်နေဦးမည်။

"ခင်ဗျား ကားပေါ်က ပြန်ဆင်းရင် ကောင်းမယ်ထင် တယ်"

"ကျွန်မ အခုချိန်ကစပြီး ရှင့်ကားကို ငှားလိုက်ပြီ"

သူမ မျက်ဝန်းတွေက သူ့ကို ဇွတ်တရွတ်နိုင်စွာ အမိန့်ပေးလိုက်သည်။

သူက အရေးကြီးဆုံးအချက်ကို သွားသတိရသည်





"ခင်ဗျားမှာ ပိုက်ဆံပါလို့လား"

သူ့စိတ်ထင် သူမ လက်ထဲမှာ ဘာမှ ကိုင်လာတာ မတွေ့။

ပိုက်ဆံလည်း မရ အမှုလည်း ပတ်ဆိုသည့် အဖြစ် မျိုး ...

သူ မကြုံတွေ့ချင် ...

"ပိုက်ဆံ ဟုတ်လား"

"ဟုတ်တယ်လေ၊ ခင်ဗျားမှာ ပိုက်ဆံပါလို့လား"

သူမ မျက်နှာလေး ရှုံ့မဲ့သွားသည်။

သူမမှာ ပိုက်ဆံမပါတာ သေချာသွားတော့ သူ လှစ်ခနဲ ပြုံးလိုက်မိသည်။

ခရီးဆုံးရောက်မှ ...

"ဟယ် ... ပိုက်ဆံ မေ့လာပြီ"

ဆိုသည့် အဖြစ်အပျက်မျိုးက သူ့ ခဏခဏ ကြုံနေကျဖြစ်သည်။

"ဟာ ... နောက်က လိုက်လာပြီ"

ဟိုးခပ်ဝေးဝေးက မီးခိုးရောင် **ကားတစ်စီးကို** တွေ့လိုက်ရသည်နှင့် သူမ ခန္ဓာကိုယ်က ဆတ်ခနဲ **တုန်သွား** သည်။

**"ကဲ ... အမျိုးသမီး ပိုက်ဆံမပါရင် ကွဲပေတော့"**

**သူ့ခန္ဓာ**ကိုယ်ကို ကိုင်းပြီး **နောက်ခန်းတံခါးကို** ဖွင့်**ပေးလိုက်သည်။**

သူမက သူ့ကို စားမတတ် ဝါးမတတ် စူးစိုက်ကြည့်ပြီး သူမလက်မှ လက်ပတ်နာရီကို ဖြုတ်ပစ်လိုက်သည်။

ပြီးတော့ သူ့မျက်နှာရှေ့တည့်တည့်မှာ **မြှောက်ပြ** ပြီး ...





"ဒီမှာတွေ့လား၊ ဒီလက်ပတ်နာရီက ရွှေအစစ်နဲ့ လုပ်ထားတာ၊ နာရီကြိုးချည်းပဲ နှစ်ကျပ်သားနီးပါးရှိတယ်၊ အခုလာနေတဲ့ကားကို လွတ်အောင်မောင်းပေးနိုင်ရင် ဒါပေးမယ်"

သူ သဘောကျစွာနဲ့ ရှီခနဲ လေချွန်လိုက်သည်။

**"အိုကေ ... ဒါမျိုးဆို ရာဇဝင်တို့က ငရဲပြည်ရောက်လည်း လက်မတွန့်ဘူး"**

နောက်မှ လိုက်လာသော မီးခိုးရောင်ကားလေးက တဖြည်းဖြည်းနှင့် နီးလာသည်။

သူက ကားကို ချက်ချင်း မောင်းထွက်လိုက်သည်။

"ဒီလောက် ပိုက်ဆံမက်တဲ့ ယောကျ်ားမျိုး တစ်ခါမှ မတွေ့ဖူးဘူး"

မကြားတကြားနဲ့ ဖွင့်ဟလာသော သူမ စကားကို မကြားချင်ယောင် ဆောင်နေလိုက်သည်။

သူ့မှာ တုံ့ပြန်ဖို့ အချိန်မရှိ ...

သူ့ကားနောက်မှ တရကြမ်း လိုက်လာသော ကားကို မျက်ချည်မပြတ်ဖို့ မနည်းကြိုးစားနေရသည်။

လမ်းရှင်းသည့် နေရာမှာတော့ လွတ်မြောက်ဖို့ မလွယ်။

သူ့ကားကို ကားများစွာနှင့် ရှုပ်ယှက်ခတ်နေသော လမ်းပေါ်သို့ ဦးတည်လိုက်သည်။

ယခုလောလောဆယ်မှာ သူသည် ဂျိန်းစဘွန်းလက် သစ် ဖြစ်နေသည်။





ကားကို ဗိုလ်တထောင်ဘုရားလမ်းအတိုင်း သူဆင်းချလာသည်။ နောက်က ကားနှင့် သူနှင့် အလှမ်းဝေးနေသော်လည်း သူ့ကားကို မျက်ခြည်မပြတ် လိုက်နိုင်သည်။

"မောင်းပါ ... မြန်မြန် မောင်းပါ"

ကားနောက်ခန်းကနေ အားမလိုအားမရ အော်လာသော သူမ အသံကလည်း စီည်ည်။

"ခင်ဗျား ပါးစပ်ပိတ်ထားစမ်း၊ ဒီမှာ ကားမောင်းနေတာ လန်ချားဆွဲနေတာ မဟုတ်ဘူး"

သူ စိတ်တိုစွာနှင့် ကုန်းအော်တော့မှ သူမ ပါးစပ်ပိတ်သွားသည်။

သူ့ကို မျက်စောင်းပိတ်ထိုးလိုက်တာကိုလည်း နောက်ကြည့်မှန်မှ တစ်ဆင့် မြင်လိုက်ရသည်။

ရှေ့နားမှာ မီးပွိုင့်က သူ့ကားအလှည့် ရောက်မှ နီသွားသည်။

ဖြစ်ချင်ရာဖြစ်ကွာ ...

မီးပွိုင့်နီမှန်း သိလျက်နှင့် သူ ဖြတ်မောင်းလိုက်သည်။

ဝီစီသံတွေ ဆူညံစွာ ထွက်လာသည်။

သူ ဘာကိုမှ ဂရုမစိုက်ဖြစ်တော့ ...

နောက်ကကားက လုံးဝ ပြတ်ကျန်သွားသည်။

"တော်ပါသေးရဲ့"





ကားနောက်ခန်းမှ သူမက ရင်ဘတ်လေး ဖိရင်း ညည်းသည်။

သူက စိတ်ချရပြီဟု ထင်သော နေရာတစ်ခုမှာ ကားကို ထိုးရပ်လိုက်သည်။

"ကဲ ... ဒီလောက်ဆို ရပြီထင်တယ်"

အမှန်တော့ သူက သူမ လက်ထဲမှ နာရီကို လှမ်းတောင်းခြင်းဖြစ်သည်။

"ရှင့်မှာ ပိုက်ဆံ ဘယ်လောက်ပါလဲ"

"ဘာလုပ်ဖို့လဲ"

ပေးစရာရှိတာ မပေးဘဲ သူ့ကို ရစ်နေပြန်ပြီ။

"ကျွန်မအနေနဲ့ ဒီဝတ်စုံကြီးနဲ့ သွားလို့ ဘယ်ရမလဲ၊ ရှင့်ပိုက်ဆံနဲ့ အဝတ်အစား တစ်စုံလောက် ဝယ်ပေးပါလား၊ မယုံရင် ကျွန်မနာရီ သွားရောင်းကြည့် အများကြီးရမှာ"

သူမ ကိုယ်ပေါ်မှ ဝတ်စုံအတွက် သူမ ကိုယ်တိုင် စိတ်ရှုပ်နေပုံပေါ်သည်။

"စောစောက ပြောတုန်းက အဲ့ဒါ မပါဘူးလေ"

"ကျွန်မ သိပါတယ်၊ ကျေးဇူးပြုပြီး ကူညီလက်စနဲ့ ကူညီပေးပါနော်"

မိန်းမတွေများ တော်တော်တတ်နိုင်ကြသည်။

ခုနတုန်းက သူ့ကို မကျေမနပ်နှင့် ကြည့်နေသော သူမက အခုတော့ သူ့ကို အသနားခံသလို ကြည့်နေသည်။

"မင်း ဘာလို့ ထွက်ပြေးလာတာလဲ"

"ရှင်နဲ့ မဆိုင်ပါဘူး"

"ကောင်းပြီလေ၊ အဲ့ဒါက မင်းကိစ္စပဲ၊ ငါ အခု မင်းအတွက် အဝတ်အစားတစ်စုံ ဝယ်ပေးပြီးရင် ငါ့ကိစ္စ ပြီးပြီ မဟုတ်လား"





"ဟုတ်ကဲ့"

"ဒါဆိုရင် ကားပေါ်က စောင့်နေ၊ ငါ သွားဝယ်လိုက်မယ်"

သူမကို ကားပေါ်မှာ ထားပြီး ခပ်လှမ်းလှမ်းက စတိုးဆိုင်ဆီ သွားဖို့ သူ စိတ်ကူးလိုက်သည်။

"ကျွန်မပါ လိုက်မယ်လေ၊ ရှင် ဝယ်လာလည်း ရှင့်ကားပေါ်မှာ ဘယ်လိုလုပ်ပြီး အဝတ်လဲမလဲ၊ ဟိုမှာပဲ တစ်ခါတည်း ဝယ်ပြီး ဝတ်တော့ အဆင်ပြေတာပေါ့"

"ဒါဆိုလည်း လိုက်ခဲ့"

သူမက ဂါဝန်ကားကားကြီးကို လက်နှစ်ဖက်နှင့် မ,ပြီး ကားပေါ်က ဆင်းသည်။

"လုပ်ပါဦး၊ ကျွန်မ ဂါဝန် ရှင့်ကားနဲ့ ညပ်နေပြီ"

သတို့သမီးဝတ်စုံက ကားနေသည့်အပြင် နောက်ဘက်မှာလည်း ရှည်ရှည်လေး ဖြစ်နေတာကြောင့် သူ့ကားတံခါးနှင့် ညပ်နေခြင်းဖြစ်သည်။

"စိတ်ရှုပ်လိုက်တာ"

ကားတံခါးကို ပြန်ဖွင့်ရင်း ညပ်နေသော သူ
ဂါဝန်ကို ဆွဲထုတ်ပေးရသည်။

ခြေလှမ်းသုံးဆယ်လောက် လျှောက်ရသည့် လမ်
တစ်လျှောက်လုံးမှာ သူနှင့် သူမကို လူတွေက အထူးအဆန်း
ဝိုင်းကြည့်နေသည်။

အရောင်အဆင်း မပေါ်သော ဂျင်းဘောင်းဘီ ခပ်ညို
ညစ်နှင့် တီရှပ်ပွပွတစ်ထည်ကို ဝတ်ဆင်ထားသည့် သူ့အသွင်က
လုံးဝ အရောင်မတောက်။

သူမကတော့ နတ်သမီးတစ်ပါးနှယ် တင့်တယ်လှ
နေသည်။

သူမရဲ့ အလှအပကြောင့်ပဲဖြစ်မည်။ သူ စိတ်တွေ
တအားရှုပ်လာသည်။





သူမကတော့ ဘာကိုမှ မရိပ်မိဘဲ ...

"ဟိုအင်္ကျီဆို တော်မှာ မဟုတ်ဘူး၊ ဒီအင်္ကျီက ကောင်း
တယ်"

ဟုဆိုကာ အင်္ကျီတစ်ထည်ချင်းကို လိုက်ကြည့်ပြီး
ပြောနေသည်။

"မင်္ဂလာဆောင်ကာနီး ဖြတ်ခုတ်လာတာ ထင်တယ်"

စတိုးဆိုင်က အရောင်းစာရေးမလေးတွေရဲ့ တီးတိုး
စကားကြောင့် သူ့မျက်နှာ ဘယ်မှာထားရမှန်း မသိတော့။

"အမြန်ဝယ်၊ ငါ့မှာ အချိန်မရှိဘူး"

"အင်း ... အင်း"

သူ အတင်းလောတော့မှ သူမက သင့်တော်ရာ
အင်္ကျီတစ်ထည်နှင့် စကတ်ရှည်တစ်ထည်ကို ယူပြီး အဝတ်လဲခန်း
ဆီ ဝင်သွားသည်။

အဝတ်လဲခန်းထဲမှ ထွက်လာသော သူမသည် လှပ နုပျိုသော မိန်းမပျိုတစ်ယောက်ဆိုသည့် ဂုဏ်ပုဒ်ကလွဲ၍ အခြား ဘာမှမရှိတော့။

သူက ကျသင့်ငွေကို ရှင်းပေးလိုက်သည်။

သတို့သမီးဝတ်စုံကို ကြွပ်ကြွပ်အိတ်တစ်ခုထဲ ထည့် ပြီး ထိုအိတ်ကို ဆုပ်ကိုင်ထားသော သူမက သူ့နံဘေးသို့ ရောက် ရှိလာသည်။

"ရှင့်အိမ်မှာ ဘယ်သူတွေ ရှိလဲဟင်"

သူ ချက်ချင်း မျက်လုံးပြူးသွားသည်။





"ဘာလုပ်ဖို့လဲ"

သူမ မျက်ဝန်းတွေက ချက်ချင်း ညှိုးငယ်သွား သည်။

"ပေးကာနီးကျရင် အဲ့ဒီလိုပဲ"

သူ နည်းနည်းလေးမှ စိတ်မရှည်ချင်တော့။

"မဟုတ်ပါဘူး၊ ကျွန်မ မပေးချင်လို့ မဟုတ်ပါဘူး၊ ဒီမှာ ရှိတဲ့ ကျွန်မ သူငယ်ချင်းတွေရဲ့ အိမ်ကို ကျွန်မ မိဘတွေက သိတယ်၊ ဒါကြောင့်မို့ မေးကြည့်တာပါ"

"ငါ့ကို မင်း ပြောတုန်းက ဒီကိစ္စ မပါဘူးနော်"

သူမရဲ့ အကျပ်အတည်းကို သူ နားလည်သော်လည်း အိမ်ကိုတော့ သူ မခေါ်ချင်။

"ကျွန်မ နားလည်ပါပြီ ... ရော့"

သူမ လှမ်းပေးသော ရွှေရောင်နာရီလေးကို သူ လှမ်းယူလိုက်သည်။ ပြီးတော့ သူ့အိတ်ကပ်ထဲမှာ နောက်ဆုံးကျန်နေသော ပိုက်ဆံနှစ်ထောင်ကို ထုတ်ပေးလိုက်သည်။

"ရော့ ... ငါ့မှာ ဒါ အကုန်ပဲ"

"ကျေးဇူးပဲ"

သူမက ပိုက်ဆံနှစ်ထောင်ကို လှမ်းယူပြီး သူ့ကို စတင်ကျောခိုင်းလိုက်သည်။

နေးကွေးလေးလံလွန်းသော သူမ ခြေလှမ်း ...

တရွေ့ရွေ့နှင့် ဝေးကွာစပြုလာသော သူမ ကျောပြင်ကို ကြည့်ရင်း သူ့ဦးခေါင်းတစ်ခုလုံး ရှုပ်ထွေးသွားသည်။





သူမ ဘယ်ကိုများ သွားမလို့လဲ ...

နှစ်ထောင်ဆိုသော ပိုက်ဆံက ဘာမှ အရာဝင်သည် ဟုတ်။

သူ စိတ်ပျက်စွာ ခေါင်းကို ခါယမ်းလိုက်သည်။

"ဟိတ် ... ဟိတ်"

သူ ကျယ်လောင်စွာပင် သူမကို လှမ်းခေါ်လိုက်သည်။

"ငါ့အိမ်မှာ အမေနဲ့ ညီမလေး ရှိတယ်"

သူ့ကို စိတ်ပျက်စွာ ပြန်လှည့်ကြည့်သော သူမ ကော သဘောပေါက်ပုံ မပေါ်။

ငတုံးမ ...

"မင်း ငါ့အိမ်မှာ နှစ်ရက်လောက် လိုက်ပြီး တည်းခိုနိုင်တယ်"

သူမ မျက်နှာက ချက်ချင်း ပြုံးယောင်သမ်းလာသည်။

တော်ပြီ 'ဒီလောက်ပဲ ပြောတော့မည်။

လိုက်တာ မလိုက်တာ သူမ သဘော ...

လှပသော မိန်းမပျိုလေး တစ်ယောက်ကို ကူညီဖို့ သူ ဘယ်တုန်းကမှ စဉ်းစားခဲ့တာ မဟုတ်။

ပြောပြီးတာနဲ့ ကားပေါ် တက်ထိုင်လိုက်သည်။

ကားနောက်ခန်းတံခါး ဖွင့်သံကို ကြားရသည်။

သူမ လိုက်ပါလာသည်ပေါ့။

"ကျေးဇူးပဲ"

"နှစ်ရက်လောက်ပဲနော်၊ မင်းကို ဒီထက်တော့ ပိုနေခွင့် မပေးနိုင်ဘူး"

အခုကတည်းက ပြတ်အောင် ပြောထားရမည်။

သူရဲ့အိမ်က တောင်ဥက္ကလာမှာ ရှိသည်။





သစ်သားအိမ်နှစ်ထပ် သေးသေးလေးရှေ့မှာ ကားကို ရပ်တော့ သူမက လှမ်းမေးသည်။

"ဒါ ရှင့်အိမ်လား"

"ဟုတ်တယ်"

အိမ်ထဲက ထွက်လာသော မေမေက အစောကြီး ပြန်လာသော သူ့ကို အံ့အားတသင့် ကြည့်နေသည်။

"အမေ သူက သားရဲ့ သူငယ်ချင်း၊ အိမ်မှာ နှစ်ရက်နေ လိမ့်မယ်"

"လာလေ သမီး၊ သား ... သားသူငယ်ချင်းကို ခေါ်လိုက် ဦးလေ၊ အမည်ကကော ဘယ်သူလဲ"

အထဲဝင်ဖို့ တွန့်ဆုတ်ဆုတ် လုပ်နေသော သူမကို မြင်မှ သူမနာမည် မသိသေးတာကို သတိရသည်။

"သူ့'နာမည်က"

"ရွှေနွယ်ကြိုးပါ"

သူမက ဝင်ပြောလိုက်၍ တော်သေးသည်။

"လာ ... သမီး၊ သားနဲ့ ဘယ်တုန်းက ခင်တာလဲ၊ သားမှာ ဒီလို သူငယ်ချင်း လှလှလေးရှိတာ တစ်ခါမှတောင် မကြားဖူးဘူး"

ဘယ်နေရာမဆို ရိုးသားပွင့်လင်းသော မေမေ့ကို သူ ဘာပြန်ပြောရမလဲ မသိတော့။

"အမေ ... ကျွန်တော်နဲ့သူက ကျောင်းတုန်းက သူငယ်ချင်း၊ ကွဲသွားတာ ကြာပြီ၊ အခုမှ ပြန်တွေ့တာ၊ သူက သူ့အိမ်နဲ့ သိပ်အဆင်မပြေလို့ ခဏလိုက်တည်းတာ၊ နှစ်ရက်ပဲ နေမှာပါ၊ ပြီးရင် ပြန်လိမ့်မယ်"

မေမေ့ကို ပြောသလိုနှင့် သူမ နေရမည့်ရက်အပိုင်းအခြားကိုပါ သတိပေးလိုက်သည်။





သူမရဲ့ မျက်စောင်းက သူ့အပေါ်မှာ ဝေ့လာသည်ကို မြင်တွေ့ရသည်။

"အမေ ... ရွှေနွယ်ကြိုးကို ညီမလေးနဲ့ တစ်ခန်းပေးနေလိုက်ပါ၊ သား သွားတော့မယ်၊ ဒီနေ့ အံ့နာခတောင် မရသေးဘူး"

သူ လှည့်သွားဖို့ ဟန်ပြင်ပြီးမှ သတိရသည်။

"ရွှေနွယ်ကြိုး ခုနတုန်းက ပိုက်ဆံနှစ်ထောင် ပြန်ပေးဦး"

သူမ ပြန်ကာနီးမှ ပြန်ပေးတော့မည်ဟု ရည်ရွယ်လျက် သူမဆီက ပြန်တောင်းလိုက်သည်။

"ပိုက်ဆံများ မမြင်ဖူးဘူးလား မသိဘူး"

သူ့ကို ပိုက်ဆံလာပေးရင်း မကျေနပ်သလို ရွတ်ဆိုနေသော သူမကို ဘာမှ မတုံ့ပြန်မိတော့။

သူမကို နိုင်အောင် တစ်ခုခုပြောဖို့ အင်အားမရှိသလို ဖြစ်နေသည်။

"အမေ ညနေ သား မိုးချုပ်မယ်"

သူမကို တကူးတက မနှုတ်ဆက်တော့ဘဲ ထွက်လာခဲ့သည်။ ကားပေါ်ရောက်တော့ ရှပ်အင်္ကျီအိတ်ကပ်လေးကို စမ်းမိသည်။ ရွှေကြိုးနှင့် သူမနာရီလေးကို ရောင်းရင်ကောင်းမလား၊ မရောင်းရင် ကောင်းမလား အခုထိ ဝေခွဲမရသေးပေ။





နောက်တစ်နေ့မနက် သူ အိပ်ရာကထတော့ မနက်ခုနစ်နာရီ။ သူမကို ညီမလေးနှင့်အတူ ထမင်းကြော်စားနေတာကို တွေ့သည်။ ညီမ ဝတ်နေကျ အင်္ကျီအဟောင်းကို သူမက ဝတ်ဆင်ထားသည်။

"ရာဇဝင် နိုးပြီလား"

"အင်း"

ချွေးထွေးသော သူမ၏ နှုတ်ဆက်သံကို သူက ခပ်တိုတို ဖြေပြီး ရေချိုးခန်းထဲ ဝင်လာခဲ့သည်။

ချိုးရေဆိုပြီး သီးသန့်စီမံထားသော ရေစည်မှာ ရေမရှိတာကြောင့် သူ အံ့ဩသွားသည်။

မနေ့ညက သူ အပြည့်ခပ်ထည့်ခဲ့တာ ဖြစ်သည်။

သူတို့လို ရပ်ကွက်မျိုးက ရေမခပ်နိုင်လျှင် ဝယ်သုံးရသည့်နေရာဖြစ်သည်။

"ဟာ … ရေတွေ ဘယ်ရောက်ကုန်ပြီလဲ"

အဖြေက ဘယ်သူ့ဆီကမှ ထွက်မလာ …

"ရေတွေ ဘယ်ရောက်ကုန်ပြီလဲလို့ မေးနေတယ်လေ"

သူ စိတ်မရှည်စွာ ကုန်းအော်လိုက်သည်။

"ကျွန်မ ချိုးပစ်လိုက်တယ်"

ရေချိုးခန်းဝမှာ ပေါ်လာသော ရွှေနှယ်ကြိုး အဖြေက ခပ်အေးအေးပင်ဖြစ်သည်။

"ဒါ တစ်အိမ်လုံး ချိုးဖို့ ခပ်ထားတာကွ၊ မင်း တစ်ယောက်တည်း ချိုးပစ်ရသလား"





ရေတစ်တိုင်ကီလုံးကို သူမ တစ်ယောက်တည်း ချိုးဖစ်လိုက်သည်ဆိုသော ကိစ္စက အတော်လေး သည်းမခံချင်စရာဖြစ်သည်။

ဒီထက်ပိုဆိုးသည်က အခုလောလောဆယ် သူ ရေချိုးဖို့ မရှိ။

"ငါ ဘာနဲ့ ချိုးရမလဲ"

"မသိဘူးလေ"

ကြာလျှင် သူ ဒေါသထွက်တာနဲ့ သေသွားနိုင်သည်။

"ကိုကိုကလည်း မမက မသိလို့ပါ"

"နင့်ပါးစပ် ပိတ်ထား"

သူမဘက် စစ်ကူလိုက်ပေးနေသော ညီမလေးကိုပါ ဒိတ်တိုချင်လာသည်။

မနက်စောစော ရေမချိုးရလျှင် မနေတတ်သော သူ့အကျင့်က အခုတော့ ရေဝယ်သုံးရမလို ဖြစ်နေပြီ။

"တကယ်ပါပဲကွာ၊ အိမ်ကို ဘယ်ကဘယ်လို အရှုပ်တွေ ရောက်လာမှန်းကို မသိဘူး"

"ရှင် စကားပြောတာ ရင့်လှချည်လား"

မဆင်မခြင် ပြောတတ်သော သူ့စကားက သူမ ဒေါသကို နှိုးဆွသလို ဖြစ်သွားသည်။

"ကျွန်မကို ဘယ်သူကမှ ဒီလို မပြောဖူးဘူး၊ အရမ်း အောက်တန်းကျတယ်"

သူ့စကား လွန်သွားသည်ဆိုတာ သိသော်လည်း သူမ စကားကလည်း သူ့လိုပဲ ရင့်သီးပါသည်။

"မမရယ် ... ကိုကိုက ဒီလိုသဘောမျိုးနဲ့ ပြောတာမဟုတ်ပါဘူး"

"နွယ်လေး အစ်ကိုက သိပ်လွန်တယ်၊ တို့ [illegible]များ အရှုပ်တဲ့၊ တော်ပြီ ... တော်ပြီ ... ဒီမှာ မနေတော့ဘူး"





"ကြိုက်ရာသွားကွဲ"

ဟု ပြောမည် ဟန်ပြင်ပြီးမှ သွားသတိရသည်။ သူမကို ကတိခံထားသည့်ရက်က မပြည့်သေး။

"ခွေနွယ်ကြီး ... မင်းကို ဒီမှာ နေခိုင်းတာ နှစ်ရက်နော်"

"ကျွန်မ သိတယ်၊ ဒါပေမဲ့ ရှင့်အိမ်မှာနေတယ်ဆိုပြီး ကျွန်မကို အနိုင်ကျင့် ပြောဆိုတာကိုတော့ လက်မခံနိုင်ဘူး"

သူမက စေ့ထားသော အိမ်တံခါးကို ဖွင့်ပြီး ဖိနပ်စီးသည်။

သူမ သွားတော့မည်ပေါ့။

သူမ ပါးပြင်မှ မျက်ရည်စအချို့ကို သူ မြင်လိုက်ရသည်။

မခံမရပ်နိုင် ဖြစ်သွားသော သူမရဲ့ ခံစားချက်ကိုလည်း သူ နားလည်လိုက်သည်။

စက္ကန့်ပိုင်းအတွင်း သူ့မြင်ကွင်းမှ သူမ ပျောက်ကွယ်

သွားသည်။

"ကိုကို စကားပြောတာ အရမ်းလွန်တာပဲ၊ မမရွှေနှယ်ကြ

အားငယ်သွားမှာပေါ့"

ညီမလေးရဲ့ ပြစ်တင်စကားသံအောက်မှာ သူ ငြိ

သက်တွေဝေသွားသည်။

သူ မှားတာပေါ့။

ရေအကုန် ချိုးပစ်တာလောက်နဲ့ ဒီလောက်မပြေ

သင့်။

သူ လမ်းမဘက်ကို တစ်ရှိန်ထိုး ပြေးထွက်ခဲ့

သည်။

သူမရဲ့ နောက်ကျောကို သူ လှမ်းမြင်နေရသည်

"ရွှေနှယ်ကြို"





သူမခြေလှမ်း ရပ်တန့်သွားသော်လည်း သူ့ကိုလှည့်

ကြည့်။

"ရွှေနှယ်ကြို ... ငါ တောင်းပန်ပါတယ်"

သူမက ငြိမ်သက်စွာ ရပ်နေဆဲဖြစ်သည်။

"ရွှေနှယ်ကြို ကြားလား၊ ငါ တောင်းပန်ပါတယ်"

မိန်းမတစ်ယောက်ကို မလျော့လွန်း မတင်းလွန်း

တောင်းပန်ရုံနှင့်တော့ သူ့သိက္ခာ ကျသွားစရာ မရှိ။

သူမရဲ့ ခန္ဓာကိုယ်က ဖြည်းညင်းစွာ ပြန်လှည့်လာ

သည်။

"မင်း သူငယ်ချင်းနဲ့ အဆက်အသွယ် ရပြီလား"

"မရသေးဘူး၊ သူက စင်ကာပူကို ခဏသွားတယ်တဲ့"

သူမ ကတိ တည်ပါသည်။

နှစ်ရက်မြောက်သောနေ့မှာ သူမ ဝတ်လာခဲ့သော အဝတ်အစားကို လဲလှယ်ပြီး သူ အိပ်ရာက ထတာကို စောင့်ဆိုင်းနေသည်။

"ဒီတော့ မင်း ဘယ်ကို သွားမှာလဲ"

"မသိသေးဘူး"





ဘာမှ ကြိုတင်စဉ်းစားထားပုံ မရသော သူမကိုယ်စား သူ စိတ်ညစ်သွားသည်။

"မင်း မစဉ်းစားထားဘူးလား"

ငြိမ်သက်စွာ ရပ်နေသော သူမဆီက အဖြေထွက်မလာ။ ဘယ်လို ကောင်မလေးလဲကွာ ...

သူ့စိတ်ထဲကနေ မျိုးစုံ ပြစ်တင် ပြောဆိုနေမိသည်။

"မစဉ်းစားထားလည်း ကျွန်မ ကတိတည်ပါတယ်၊ ရှင့်အိမ်က ထွက်ပေးမှာပါ"

မျက်နှာကြောတင်းတင်းနှင့် စိတ်ရှုပ်နေသည့် သူ့ပုံစံက သူမကို အိမ်ပေါ်က အတင်းနှင်ချနေသည်များ ထင်နေသလားမသိ။

"ငါက စေတနာနဲ့ မေးတာ"

"ရှင့်ရဲ့ စေတနာက အလကား မဟုတ်ဘူးဆိုတာ ကျွန်မ သိတယ်"

ဒီလောက်တောင် စွာနေသည့် ကောင်မလေးကို ဘာမှ ဆက်မပြောတာက ပိုကောင်းမလား မသိ။

"မင်း ဒီအိမ်မှာ နေနိုင်တယ်၊ ဒါပေမဲ့ အလကားတော့ နေလို့ မရဘူး၊ မင်း အလုပ်တစ်ခုခု လုပ်ရမယ်"

"ဘာအလုပ်လဲ"

စိတ်ဝင်စားသည့်ပုံပေါက်သော သူမ ပုံစံက သူ့အစီအစဉ်ကို လက်ခံမည့်ပုံ ပေါ်သည်။

"မင်း အရည်အချင်းနဲ့ သင့်တော်မဲ့ အလုပ်တစ်ခုတော့ လုပ်ရမှာပေါ့၊ လောလောဆယ် မင်း အိမ်မပြန်ချင်သေးရင် အလုပ်တစ်ခုခု လုပ်ပြီး နေပေါ့၊ ဒီခေတ်ကြီးမှာ လူတစ်ယောက်ကို အကြာကြီး တင်ကျွေးထားဖို့ဆိုတာ မဖြစ်နိုင်ဘူးလေ"





ရှုံ့မဲ့သွားသည့် သူမ မျက်နှာလေးက သူ့ကိုအပြစ်တင်လိုဟန် ပေါက်သည်။

သို့သော် ဘာမှတော့ မပြော ...

"ကိုကို ညီမလေးတို့ Supermarket က နာရီကောင်တာမှာ လူလိုတယ်လို့ ပြောတယ်၊ အဲ့ဒါ ..."

အလုပ်သွားကာနီး ညီမလေးက အခန်းထဲက ထွက်လာပြီး ပြောသည်။

ဈေးရောင်းရမည့်အလုပ်မှ သူမ စိတ်ဝင်စားရဲ့လား မသိ။

"မင်း စိတ်ဝင်စားလား"

"နာရီ ရောင်းရမှာလား"

"ဟုတ်တယ် မမ"

စဉ်းစားနေသည့်ပုံနှင့် သူမ ငြိမ်သက်သွားသည်။

"အင်း ... ကျွန်မ လုပ်မယ်"

"လုပ်မယ်ဆိုတဲ့ စကားကို မပြောနဲ့၊ ဟိုက မင်းကို ခ

မခန့် မသေချာသေးဘူး"

သူမရဲ့ မျက်စောင်းက သူ့အပေါ်မှာ ရောက်လာ

သည်။ သူ မဖြုံတော့။

"ညီမလေး ရွှေနွယ်ကြိုးကို ခေါ်သွားပြီး ပြောကြည့်ပေ

ဟုတ်လား"

"ဟုတ်ကဲ့ ကိုကို၊ မမ သွားစို့လေ"

ညီမလေးက ရွှေနွယ်ကြိုးလက်ကို ဖမ်းဆွဲလိုက်သည်

ရွှေနွယ်ကြိုး အပေါ်မှာ ညီမလေး အတော်ခင်မင်နေပြီ ဖြစ်မှန်း

သိသာလှသည်။

"နေဦး နွယ်လေး"

သူမက ဖိနပ်ကို စီးလက်စတန်းလန်းနှင့် သူ့ကို

မျက်နှာချင်းဆိုင်လိုက်သည်။





သူမက အပြင်သွားတော့မည့် အနေအထားနှင့်

သူက ထိုင်ခုံတစ်ခုမှာ ထိုင်လျက်သား အနေအထားဖြစ်သည်။

"ရာဇဝင် ... ကျွန်မ ရှင့်အိမ်မှာနေပေမဲ့ ရှင့်ကို အရမ်းအမြင်

ကတ်တယ် သိလား"

သူ့ကို မျက်နှာထားတည်တည်နှင့် ပြောပြီး သူမ

လှည့်ထွက်သွားသည်။

"သေလိုက်ပါလား"

သူကလည်း သူမကို လှမ်းအော်ပြီး ပြောလိုက်သည်။

ပြီးတော့ အားရပါးရ ရယ်မောလိုက်သည်။

တကယ့်ကို မလွယ်တဲ့ ကောင်မလေးဖြစ်သည်။

လိုတရဆိုသည့် Supermarketကြီးမှာ သူမ အလုပ်လုပ်ရမည်တဲ့။

Supermarketကြီးကို မော့ကြည့်ပြီး သူမ ခြေလှမ်းတွေက တွန့်ဆုတ်နေသည်။

ခါတိုင်းဆိုလျှင် ဒီ Supermarket ထဲသို့ သွက်လက်ပေါ့ပါးသော ခြေလှမ်းများနှင့် အခါပေါင်းများစွာ ရောက်နေကျဖြစ်သည်။

အင်းလေ ... အခြေအနေချင်းမှ မတူတော့ဘာ။





"မမ လာလေ"

သူမကို နွေးထွေးသော အပြုံးတစ်ခုနှင့် ဖိတ်ခေါ်သော နွယ်လေး နောက်ကို သူမ အမြန်လျှောက်သွားလိုက်သည်။

"သူတို့ရှေ့ရောက်ရင် မကြောက်နဲ့နော် မမ၊ ဘာမှ သိပ်မေးတာ မဟုတ်ဘူး၊ ရုပ်လှလား မလှလား ကြည့်မယ်၊ ပြီးရင် စကားပြော ရည်မွန်လား ဘာလား ကြည့်မယ်၊ ဒါပဲ ဘာမှ မခက်ဘူး"

"ဘယ်သူ အင်တာဗျူးမှာလဲ၊ သူဌေးလား"

နွယ်လေးက အားရပါးရ ပြုံးပြီး ...

"ဘယ်ကလာ ဟုတ်ရမှာလဲ၊ အလုပ်သမား ရွေးချယ်တဲ့ အဆင့်က မန်နေဂျာလောက်နဲ့ ပြီးတယ်"

ဒီလိုဆိုတော့လည်း အလုပ်တစ်ခု ရဖို့က လွယ်လွယ်လေးပေါ့။

သိပ်မကြာခင် အချိန်လေးအတွင်းမှာ သူမ အလုပ်တစ်ခု ရရှိသွားသည်။

"လစာငွေက ရှစ်ထောင်၊ အလုပ်ချိန်က မနက်ကိုးနာရီကနေ ညနေ ခုနစ်နာရီအထိ၊ နေ့လယ် ထမင်းစားချိန်ရောက်ရင် အလှည့်နဲ့ နာရီဝက် နားခွင့်ရှိတယ်"

စသော များပြားလှသည့် စည်းကမ်းတထွေးကြီးနဲ့ အလုပ်တစ်ခုကို သူမ ရရှိခဲ့သည်။

လစာငွေရှစ်ထောင် ဆိုသော အချက်ကိုတော့ သူမ သဘောမကျပါ။

ခါတိုင်း သိန်းချီဖြုန်းနေကျ နေရာတစ်ခုမှ အခု တစ်လမှာ ရှစ်ထောင်ဆိုသော ငွေပမာဏရသည့် အလုပ်သမားတစ်ယောက် ဖြစ်နေပြီ။

ကိုယ်ရေးရာဇဝင်ဖြည့်တော့ နာမည်ရင်းကို မေ့ပျောက်ပြီး နာမည်တစ်ခုကို အမြန်ဆုံး စဉ်းစားလိုက်သည်။





ပန်းရိုးဖြူ ...

လှပသော နာမည်တစ်ခုကို သူမ တွေ့ရှိစဉ်းစားမိသွားသည်။

"မမ"

သူမကို သတိလှမ်းပေးသော နှယ်လေးကို မျက်လုံးမှိတ်ပြပြီး '...

"မမ နာမည်ရင်းကို လူသိခံလို့ မဖြစ်ဘူး"

ဟု အကြောင်းပြချက် ပေးလိုက်သည်။

နောက်ဆုံးတော့ "ပန်းရိုးဖြူ" ဆိုသော နာမည်နှင့် သူမသည် လိုတရ Supermarketကြီးက အလုပ်သမားတစ်ယောက် ဖြစ်သွားသည်။

"ဒါ မင်း အလုပ်ဆင်းရမဲ့ နေရာပဲ"

နှယ်လေးက သူမကို ထားပြီးတာနှင့် အလုပ်ခွင်သို့ ဝင်သွားသည်။

မန်နေဂျာက သူမ အလုပ်ဆင်းရမည့် နေရာသို့ လိုက်ပြသည်။

သူမ တာဝန်ယူရမည့် နာရီကောင်တာ သုံးခုက သိပ်ပြီးတော့ မကျယ်ဝန်းလှ။

ကောင်တာထဲက နာရီအမျိုးအစားများကို တွေ့ရတော့ သူ မျက်လုံးပြူးသွားသည်။

နာမည်ကြီးတံဆိပ်များနှင့် တန်ဖိုးကြီးနာရီများ ...

ဒီနာရီတွေ မပျောက်ပျက်အောင် ထိန်းသိမ်းပြီး ရောင်းရမည့် တာဝန်က မသေးချေ။

"အရင်တစ်ယောက်ကလည်း နာရီပျောက်သွားတာ မလျော်နိုင်လို့ အလုပ်ထုတ်ပစ်လိုက်တာ"

ဒီနာရီကောင်တာမှာ လုပ်ခဲ့သည့် အလုပ်သမားတိုင်းက အများအားဖြင့် အလုပ်ထုတ်ပစ်ခံရတာချည်း ဖြစ်သည်။





"မမ သတိထားနော်၊ နာရီအားလုံးက သိန်းကျော်တန် နာရီချည်းပဲ"

အခု ကြုံတွေ့ရသည့် အကြောင်းအရာအားလုံးသည် သူမအတွက် ဆန်းကြယ်နေသည်။

"မမ စဉ်းစားကြည့်လေ၊ ရတဲ့ လစာကမှ ရှစ်ထောင်၊ နာရီတစ်လုံး ပျောက်သွားရင် သိန်းကျော်လေ ဘယ်သူက လျော်မှာလဲ"

အိမ်ပြန်ရောက်တော့ သူမ တစ်ကိုယ်လုံး နွမ်းနယ်နေပြီဖြစ်သည်။

သူမ အလုပ်လုပ်ရသည့် ကောင်တာအကြောင်း ကြားသော ရာဇဝင်က မျက်လုံးပြူး မျက်ဆန်ပြူးနှင့် ...

"ဟော ... ဟော ... ကြည့်လုပ်နော်၊ ကိုယ့်ဘာသာကိုယ် မသေချာရင် မလုပ်နဲ့၊ ငါ့မှာ လျော်စရာရှိတာ မဟုတ်ဘူး"

အဲဒီ ရာဇဝင် ဆိုသည့်လူက အမြဲတမ်းပင် သူမကို နှိမ်ချချင်သည်။

ချောမွေ့ပြေပြစ်သော မျက်နှာထားက အလိုမကျ သလို အမြဲတမ်း တင်းမာနေတတ်သည်။

"ဘာဖြစ်လို့ မဖြစ်ရမှာလဲ၊ ရွှေနွယ်ကြီး ဘ၀မှာ မဖြစ်နိုင် ဘူးဆိုတာ မရှိဘူး"

သူ့စကားကို ဂရုမစိုက်သည့်ပုံနှင့် သူမက ခပ်ကင်း တင်းပြောလိုက်သည်။

ဒါတောင် သူမကို ကြည့်ပြီး သရော်သလို ပြုံးကာ ပြောဖြစ်အောင် ပြောလိုက်သေးသည်။

"အဲဒီလို အထင်ကြီးတဲ့ လူတွေပဲ ကျရင် သူများထက် ပိုနာတာ"

သူမ နှုတ်ခမ်းကို နာနာဖိကိုက်ပြီး သူ့ကို စားမလို ဝါးမလို စိုက်ကြည့်လိုက်သည်။





ဒီလိုဆိုတော့လည်း သူက သူမကို ရင်မဆိုင်ရဲသလို သူမကို အကြည့်လွှဲထားသည်။

မျက်နှာထားကို အတတ်နိုင်ဆုံး လျှော့ပြီး ဈေးဝယ်

သူများကို ခပ်ကျို့ကျို့ ဆက်ဆံရသည့် အလုပ်က သိပ်တော

မလွယ်ကူလှ။

"ဟိုဟာ ပြစမ်းပါ၊ ဒီဟာပြစမ်းပါ"

ဆိုပြီး အရင်က အထက်စီးကနေ ဈေးဝယ်လေ့

သော ရွှေနွယ်ကြိုး မဟုတ်ဘူးဆိုတာ အမြဲနှလုံးသွင်းနေရသည်

"ပန်းရိုးဖြူ"ဆိုသည့် မိန်းမတစ်ယောက် ဘဝမှာ

အသားကျဖို့ သူမ အတော်လေး အားမွေးရဦးမည်။





"ဒီနာရီလေး ပြပေးပါ"

ဈေးဝယ်သည့် အမျိုးသမီးတစ်ဦးက သူမကို Omiga နာရီလေးအား ထုတ်ပြခိုင်းသည်။

"သိပ်မကြိုက်ဘူး"

ဈေးဝယ်သူက နာရီကို သေချာကြည့်ပြီး သိပ်မကြိုက်သည့်ပုံစံနှင့် ခေါင်းခါပြီး သူမကို ပြန်ကမ်းပေးသည်။

သူမက လှမ်းအယူ ဟိုက ကမ်းအပေး ...

လက်နှစ်ခု မထိမိစပ်ကြားကပင် နာရီလေးက လျောကျသွားသည်။

သူမ ဘာလုပ်ရမှန်း မသိခင် ဈေးဝယ်သည့် အမျိုးသမီးက ...

"တို့နဲ့ ဘာမှ မဆိုင်ဘူးနော်"

ထိုစကားတစ်ခွန်းနှင့်ပင် အဆောတလျင် ထွက်ပြေးသွားသည်။

ကွဲကြေနေသော တန်ဖိုးကြီးနာရီတစ်လုံး ...

ထိုနာရီကို ငေးကြောင်ပြီး ကြည့်နေသော စိုးရိ

ထိတ်လန့်သည့် ခံစားချက်က သူမ ရင်ထဲ ဝင်ရောက်လာသည်

"ဘာဖြစ်တာလဲ ပန်းရိုးဖြူ"

"နာရီ ကျကွဲသွားတာပါ"

"ဒါတော့ သိတာပေါ့၊ ငါ မေးတာက ဘယ်သူ့ကြော

ကျကွဲတာလဲလို့ မေးနေတာ"

မျက်နှာ အတော်ပျက်ယွင်းနေသော မန်နေဂျာက

ကြည့်ပြီး ပြဿနာက လွယ်လွယ်နှင့် ပြီးသွားမည် မဟုတ်ဆိုတ

သူမ သိလိုက်သည်။

ဈေးဝယ်သူကြောင့်လို့ ပြောရအောင်လည်း လက်ည

ထိုးပြမည့်သူ မရှိတော့ ...

"ကျွန်မကြောင့် ကွဲတာပါ"





သူမ လေသံက အဆုံးစွန်အထိ လျော့ကျသွား

သည်။

မနေ့ကမှ အလုပ်စဝင်သည် ဒီနေ့ ပြဿနာစတက်

သည်။ စဉ်းစားရုံနှင့်ပင် သူမ ခေါင်းတစ်ခုလုံး ထူပူလာသည်။

"ကဲ ... ပန်းရိုးဖြူ ဒီကိစ္စကို ဘယ်လိုရှင်းပေးမှာလဲ"

မန်နေဂျာက ကွဲနေသော Omiga နာရီကို သေချာစွာ

ကြည့်ပြီး မေးသည်။

သိန်းကျော်တန် နာရီတစ်လုံးကို လျော်ဖို့ အခု

လောလောဆယ် သူမမှာ ငွေမရှိ။

ဒီနာရီကို မလျော်နိုင်ရင် အလုပ်လက်မဲ့ ဖြစ်ဦးမည်။

"ကျွန်မ လျော်ပေးပါ့မယ်"

ပြောသာပြောလိုက်ရသည်။ သူမအသံက တိုးဖျော့

လွန်းလှသည်။

"အဲဒီလို ပြောပြီး နောက်နေ့ကျရင် အလုပ်လာမဆင်းတ

သူတွေချည်းပဲ"

ခါတိုင်းလို စိတ်မျိုးနဲ့ဆိုလျှင် မန်နေဂျာ မျက်နှာ

ပိုက်ဆံထုပ်နှင့် ပစ်ပေါက်ပြီး ပက်ပက်စက်စက်ပြောမိမှာ အသေ

အချာပင်ဖြစ်သည်။

အခုတော့ ...

"ဘာဖြစ်နေကြတာလဲ"

တံခါးတွန်းဖွင့်သံနှင့် အတူ ဝင်ရောက်လာသော

အသံတစ်ခု ...

သူ့နံဘေးနား ရောက်သွားသော မန်နေဂျာ ...

"ဟာ ... ဆရာ ... ကြွပါ ဆရာရယ်"

မြင့်မားသော အရပ်နှင့် တည်ကြည်ခန့်ညားသော

မျက်နှာတစ်ခု ပိုင်ဆိုင်သည့် အမျိုးသားတစ်ယောက် ...





မန်နေဂျာကတောင် ဆရာခေါ်ရသည် ဆိုတော့ ထိုအမျိုးသားက မန်နေဂျာထက် ပိုမြင့်မှာ သေချာသည်။

"ဆရာ ... သူ့နာမည်က ပန်းရိုးဖြူတဲ့၊ မနေ့ကမှ အလုပ်စဝင်တာ၊ ဒီနေ့ပဲ Omiga နာရီတစ်လုံး ခွဲပစ်လိုက်တယ် ဆရာ"

"မတော်တဆပါ"

သူမ ခပ်ဆတ်ဆတ်ပင် ဝင်ပြောလိုက်တော့ သူက နှုတ်ခမ်းကွေးညွတ်ရုံ ပြုံးကာ သူမကို ကြည့်သည်။

"မနေ့ကမှ အလုပ်စဝင်တာ၊ Deposit ကလည်း မရှိ ဆိုတော့ အခက်တွေ့နေတာ ဆရာ"

"ကျွန်မ လျော်ပေးမယ်လို့ ပြောပြီးပြီပဲ"

သူမကို မယုံသလိုနှင့် ချောက်တွန်းနေသော မန်နေဂျာကို မျက်နှာတောင် မကြည့်ချင်တော့၊ အတော်လေး မုန်းတီးလာမိပါသည်။

"ကဲ ... ပန်းရိုးဖြူ ... ထိုင်၊ ကိုယ်တို့ ဆွေးနွေးကြရအောင်"

သူက ကုလားထိုင်တစ်ခုကို ညွှန်ပြပြီး သူကိုယ်တိုင် သူမရှေ့က ထိုင်ခုံတစ်ခုမှာ ဝင်ထိုင်လိုက်သည်။

"ကျေးဇူးပဲ"

မန်နေဂျာက သူမကို အပြစ်ပေးသည့် အနေနှင့် တစ်ချိန်လုံး မတ်တတ်ရပ်ခိုင်းခဲ့သည်။

သူကတော့ ဒီလိုမဟုတ် ...

ပြဿနာကို အေးဆေးစွာ ဖြေရှင်းနိုင်ပုံရသည်။

"ဒီနာရီတန်ဖိုးကို မင်း တကယ်လျော်နိုင်လား"

သူ မေးပုံက လှောင်ပြောင်လိုသည့် အရိပ်အယောင် မရှိခဲ့သော်လည်း ယုံကြည်ပုံလည်း မပြ။

တစ်သက်လုံး သူများအပေါ်စီးက နေလာခဲ့သည့် သူမ နည်းနည်းမှ သည်းခံစိတ်မွေးမြူ၍ မရ။





"ကျွန်မ လျော်ပေးမယ်လို့ ပြောပြီးပြီ"

သူ့ မျက်ဝန်းတည့်တည့်ကို စိုက်ကြည့်ပြီး သူမ ပြတ်ပြတ်သားသား ပြောလိုက်သည်။

နောက်လာမည့် ပြဿနာ နောက်မှ ရှင်းမည်။

အခုလောလောဆယ်မှာတော့ သူမ ဘယ်သူ့ကိုမှ အောက်ကျမခံချင်။

"ဘယ်လို အာမခံချက်ပေးနိုင်လဲ"

သူက လက်နှစ်ဖက်ကို မေးစေ့အောက်မှာ ချိတ်ပြီး မေးသည်။

သူ့မျက်ဝန်းများမှာ သမ်းနေသည့် အရိပ်က လျော် နိုင်ရင်လည်းလျော်၊ မလျော်နိုင်ရင်လည်း သွားဆိုသည့်အပြင် တခြားဘာမှ မရှိ။

"ကျွန်မ ပန်းရိုးဖြူဆိုတဲ့ ကျွန်မနာမည်ကို အပေါင်ထားခဲ့မယ်၊ ဖြစ်တယ် မဟုတ်လား"

"အိုကေ ... ကိုယ် သဘောတူတယ်၊ မနက်ဖြန်ကျရင် မင်း လျော်မဲ့ငွေကြေး၊ ဒါမှမဟုတ် ထပ်တူညီတဲ့ ပစ္စည်း တစ်ခုယူပြီး ကိုယ့်ရုံးခန်းကို တိုက်ရိုက်လာခဲ့ ဟုတ်ပြီလား"

သူက လက်မှာ ပတ်ထားသောနာရီကို တစ်ချက် ငုံ့ကြည့်ပြီး မန်နေဂျာကို နှုတ်ဆက်ကာ ထွက်သွားသည်။

"သွားလို့ရပြီ"

မန်နေဂျာက သူမကို ပြောမှ သူမလည်း ရုံးခန်းထဲက ထွက်လာခဲ့သည်။

မနက်ဖြန်ဆိုတာ တွေးမိတော့ သူမ ချက်ချင်းပင် ပြန်ပြေးချင်လာသည်။





"ဟာ ... ဘာလို့ ပြန်ပေးရမှာလဲ၊ ဒီနာရီက မင်းဥစ္စာမှ မဟုတ်တော့တာ"

သူမ မျှော်လင့်ထားသည့် အတိုင်းပင်ဖြစ်သည်။

ခါးခါးသီးသီး ငြင်းဆိုနေသော ရာဇဝင်ကို သူမ စိတ်ပျက်စွာ ကြည့်မိသည်။

ဒီလူ့ခေါင်းထဲမှာ ငွေအပြင် ဘာမှ ရှိပုံမပေါ်။

"ကျွန်မ သိပါတယ်၊ အခုဟာကလည်း ခဏပြန်ငှား တဲ့သဘောပါ၊ တစ်နေ့ကျရင် ကျွန်မ ပြန်ပေးမှာပါ"

"တစ်နေ့ဟုတ်လား"

သူမကို လှောင်ပြောင်သော နှုတ်ခမ်းတစ်စုံရဲ့ ကွေးညွတ်မှုကို မနှစ်မြို့ဖွယ် တွေ့ရှိနေရသည်။

"ဟုတ်တယ်၊ တစ်နေ့ကျရင် ဒါမျိုးနာရီ ရှင့်ကို နှစ်လုံး ပြန်ပေးမယ်"

ရာဇဝင်က သူမနှင့် မျက်နှာချင်းဆိုင်လျက် အနေအထားမှ ထပြီး စိတ်မဝင်စားသလို တီဗီရှေ့က ထိုင်ခုံတစ်ခုမှာ သွားထိုင်သည်။

ဘယ်လောက် အသည်းယားဖို့ကောင်းသလဲ ...

"မသေချာတဲ့ အရာတွေကို စိတ်မဝင်စားဘူး၊ လောလောဆယ် ငါ့လက်ထဲမှာ ရှိနေတာကိုပဲ စိတ်ဝင်စားတယ်"

တော်တော်လေး တစ်ကိုယ်ကောင်း ဆန်သည့် ယောကျ်ားဟု မကျေနပ်စွာတွေးရင်းက သူမ ရင်ထဲမှ ပူလောင်လာသည်။





မနက်ဖြန်ဆိုတာကြီးကို မလွဲမသွေ ရင်ဆိုင်ရဦးမှာ ဖြစ်သည်။

"ကျွန်မ တောင်းပန်ပါတယ် ရာဇဝင်"

ကျွန်မအတွက် အရေးကြီးလို့ပါ။

စိတ်ကို လျှော့ချပြီး အပြေပြစ်ဆုံး တောင်းပန်လိုက်သည်။

ရာဇဝင်နဲ့ကျမှ ခဏခဏ တောင်းပန်နေရတာမို့ သူမ ကိုယ့်ကိုယ်ကိုယ်တောင် စက်ဆုပ်လာသည်။

"ဘာတွေများ အရေးကြီးနေလို့လဲ"

တီဗီဖန်သားပြင်ပေါ်မှာ အာရုံစိုက်နေသော ရာဇဝင်က သူမ ကိစ္စကို တကယ်ကော စိတ်ဝင်စားရဲ့လား မသိ။

"ကျွန်မ အဲဒီသူဌေးဆီမှာ အပေါင်ထားခဲ့တယ်"

သူ့ရဲ့ ဦးခေါင်းက ချက်ချင်း သူမထံ ပြန်လှည့်လာသည်။

"ဘာအပေါင်ထားခဲ့လို့လဲ"

"ကျွန်မရဲ့ နာမည်"

သူမ ခပ်တိုးတိုးပင် ဖြေလိုက်သည်။

သူ့ဘက်က တိတ်ဆိတ်သွားသည်။ သူမကို မယုံနိုင်သလို ငေးကြည့်နေမှာ အသေအချာဖြစ်သည်။

"မိန်းကလေးဖြစ်ပြီး နာမည်ကိုများ အပေါင်ထားခဲ့ရတယ်လို့ မကြားဖူးပါဘူးကွာ"

ရာဇဝင်ရဲ့ ပထမဆုံးအကြိမ် ဂရုတစိုက် ဆူပူခြင်းကို သူမ စိတ်မဆိုးမိတော့။

သူ့ရဲ့ မကျေမနပ် ဆူပူသံက သူမအတွက် မဆန်းတော့။

"အကယ်၍ ငါမပေးရင် မင်း ဘာလုပ်မလဲ"

ဘာလုပ်ရမလဲ၊ သူမမှာ ရွေးချယ်စရာ မရှိတော့ပါ။





တစ်ခုတည်းသော လမ်းကြောင်းကိုသာ မဖြစ်မနေ လျှောက်ရတော့မည်။

"ကျွန်မ ပေးပြီးသားကတိကိုတော့ ဘယ်တော့မှ ဖျက်ပစ်မှာ မဟုတ်ဘူး၊ အဲဒီအတွက် အဲဒီနာရီကို လျော်နိုင်ဖို့ ကျွန်မ အိမ်ပြန်ရလိမ့်မယ်"

"ခဏနေဦး"

ရာဇဝင်က ဒေါသတကြီး သူ့အိပ်ခန်းထဲသို့ဝင်သွားသည်။

ပြန်ထွက်အလာမှာ သူမရဲ့ လက်ပတ်နာရီလေး ပါလာသည်။

"ရော့ ... မင်းပစ္စည်း၊ အဲဒါကို မင်းနာမည်နဲ့ လဲပြီး ပေါင်လိုက်၊ ဟုတ်ပြီလား၊ နောက်ပြီး မှတ်ထားဦး၊ မင်း နာမည်က ရွှေနွယ်ကြိုးပဲဖြစ်ဖြစ်၊ ပန်းရိုးဖြူပဲဖြစ်ဖြစ် လူက

တစ်ယောက်တည်းပဲ၊ မိန်းကလေးတစ်ယောက်အနေနဲ့ နာမည်တစ်ခုပေါင်တဲ့ ကိစ္စကို ဘယ်တော့မှ ထပ်မလုပ်မိ စေနဲ့ ကြားလား"

သူမကို ကလေးတစ်ယောက်လို ဆုံးမနေသော ရာဇဝင်သည် သူမနှင့် သက်တူရွယ်တူဖြစ်လင့်ကစား သူထက် များစွာ ရင့်ကျက်လျက်ရှိသည်။

သူမအပေါ် စိုးရိမ်ပေးဖော် ရသည့်အတွက်လည်း သူမ ဝမ်းသာကြည်နူးသွားသည်။

"အင်းပါ ... ဒါ နောက်ဆုံးအကြိမ်ပါ"

သူမက ဝန်ခံသလို ကတိတစ်ခုကို ပေးလိုက်ပြီး အပေါ်ထပ် တက်ခဲ့သော်လည်း သူ၏ ဆူပူနေသံက သူမနောက် ကွယ်မှာ ကပ်ပါလာခဲ့သည်။

"ဒါမျိုးတွေ ဖြစ်မယ်ဆို ကြိုးတွေးမိလို့ အစကတည်းက





ပြောခဲ့တာ၊ အလုပ်လုပ်တာ မပေါ့နဲ့လို့၊ အခုတော့ လခ တောင် မရသေးဘူး သိန်းကျော်လျော်ရတော့မယ်"

သူမ သဘောကျစွာ ပြုံးလိုက်မိသည်။

သူမ လက်ထဲက နာရီလေးက တစ်ခဏအတွ

သူ့လက်ထဲ ရောက်ရှိသွားခဲ့သည်။

သူက နာရီလေးကို သေချာစွာ စူးစိုက်ကြည့်လို

ရင်းက သူမကို ကြည့်သည်။

သူမက ပခုံးတစ်ဖက်ကို တွန့်ရင်း 'ဘာလဲ'ဆိုသ

ပုံစံနှင့် မေးဆတ်ပြလိုက်သည်။

"ဒီနာရီ မင်း ဘယ်ကရလဲ"

သူမ၏ မျက်ခုံးနှစ်ခု ထိကပ်သွားသည်။





ထိုမေးခွန်းသည် တမင်သက်သက် သူမကို စော်ကား

သော မေးခွန်းသာဖြစ်သည်။

"နေပါဦး၊ ဒီလို မမေးသင့်ဘူးလို့ ရှင် မထင်ဘူးလား"

မျက်နှာထား တင်းသွားသော သူမ ပုံစံကို ကြည့်ပြီး

သူ့မျက်နှာ တစ်မျိုးဖြစ်သွားသည်။

အားနာတာလည်း မဟုတ် ...

အထင်သေးတာလည်း မဟုတ် ...

သေချာတာက သူမကို မယုံသင်္ကာဖြစ်နေတာ ဖြစ်

လိမ့်မည်။

"ဒီပစ္စည်းကို လက်ခံဖို့ ကြောက်နေတာ မဟုတ်လား"

သူ့ခန္ဓာကိုယ် ဆတ်ခနဲ ဖြစ်ကာ သူမကို စူးစိုက်

ကြည့်သည်။

"ကိုယ် မကြောက်ပါဘူး"

"ဒါဆိုရင် ဘာလို့မေးတာလဲ"

သူမ ရှုံးနိမ့်ဖို့ လုံးဝမရှိတော့သည့် စကားနိုင်လု တစ်ခုလို သူမက တက်ကြွစွာနှင့် သူ့ကို အလုပ်ရှင် ဆိုသည့် အချက်ကို လုံးဝ မေ့ပစ်ကာ အနိုင်လိုချင်နေမိသည်။

သူက လူငယ်အလုပ်ရှင် ဖြစ်သော်လည်း အမှားကို တော့ မရှောင်တိမ်းတတ်။

"ကောင်းပြီလေ၊ ခုနစကားကို ကိုယ် ပြန်ရုပ်သိမ်းပါတယ် ဟုတ်ပြီလား"

သူမ နှုတ်ခမ်းတွန့်ရုံ လှပစွာ ပြုံးလိုက်သည်။

ထိုလူငယ်လေးသည် သူမ ထင်ထားတာထက် ပို၍နူးညံ့ပုံပေါ်သည်။

"အဲဒီနာရီလေးက အခုအချိန်မှာ ကျွန်မ ပိုင်ဆိုင်တဲ့ တစ်ခုတည်းသော ပစ္စည်းပဲ"





"ဒီနာရီလေးက မင်း လျော်ပေးရမဲ့နာရီထက် အများကြီး တန်တယ်"

သူသည်လည်း ပစ္စည်းကောင်းတန်ဖိုးကို လွယ်လင့် တကူ သိပုံရသည်။

"ကောင်းပြီလေ … ဒီလိုလုပ်၊ ဒီနာရီကို ကိုယ် ခဏသိမ်းထား လိုက်မယ်၊ အပေါင်သဘောပေါ့၊ ကျကွဲသွားတဲ့ နာရီအတွက် ပိုက်ဆံ မင်း ပြန်ပေးနိုင်တဲ့နေ့ကျရင် ဒီနာရီလေးကို ကိုယ် ပြန်ပေးမယ် ဟုတ်ပြီလား"

သူမ တွေးထားသည့် စိတ်ကူးနှင့် တစ်ထပ်တည်း ဖြစ်သည်။

ပြီးတော့ ဒီနေရာမှာ သူမ အရှုံးခံလို့မဖြစ်။

သူမ ပိုင်ဆိုင်သည့် ပစ္စည်းမဟုတ်တော့။

ရာဇဝင် ပိုင်ဆိုင်သည့် ပစ္စည်းသာဖြစ်သည်။

"ကျွန်မလည်း အဲဒီလိုပဲ စိတ်ကူးထားတယ်"

သူက သူ ထိုင်နေသည့် စားပွဲက အံဆွဲကို ဖွင့်ပြီး သူမ နာရီလေးကို ခပ်ဖြည်းဖြည်းထည့်ပြီး သော့ပိတ်လိုက်သည်။

သေသပ်စွာ ဖြီးသင်ထားသော သူ့ဆံပင်များကို ငေးကြည့်ပြီး ခပ်ညိုညိုဆံပင်များကို ပိုင်ဆိုင်သော ရာဇဝင်ကို သွားသတိရသည်။

"မင်း ကိုယ့်ကို ဘယ်လောက်ကြာကြာ ငေးကြည့်နေမှာလဲ"

သူမ ရှက်ကိုးရှက်ကန်း ဖြစ်သွားသည်။

သူမ ငေးမောနေတာကို သူက ရိုးရှင်းစွာ ပွင့်လင်းစွာ ပြောခြင်းဖြစ်သည်။

သူမရဲ့ တိုးတိတ်လှသော အတွေးကိုတော့ သူ ဘယ်လို ရိပ်မိမှာလဲ။





"ဆောရီး"

သူမ ခပ်တိုးတိုး တောင်းပန်ပြီး ထရပ်လိုက်သည်။

"ကျွန်မ နေရာမှာ အလုပ်ပြန်ဆင်းလို့ရပြီလား"

နူးညံ့သော အပြုံးတစ်ခုနှင့် သူက ခေါင်းညိတ်ပြသည်။ သူမက အခန်းတံခါးကို ဆွဲဖွင့်လိုက်သည်။

"ပန်းရိုးဖြူဆိုတဲ့ နာမည်အပြင် မင်းအကြောင်း တခြားဟာကို ဘာသိခွင့်ရှိသေးလဲ"

သူမက အခန်းတံခါး ကိုင်ထားရင်းက လှည့်ကြည့်လိုက်သည်။

သူမ အထင် သူမ မြင်ဖူးသမျှ ယောကျ်ားတွေ အားလုံးထဲမှာ သူက အနူးညံ့ဆုံး ပြုံးတတ်သော ယောကျ်ားဖြစ်လိမ့်မည်။

"ဘာမှ သိခွင့်မရှိဘူး"

သူမ ယတိပြတ်ပြောပြီး အခန်းထဲမှ ထွက်က[illegible]

အခန်းတံခါး ကို ဆွဲပိတ်ပစ်လိုက်သည်။





"ရေလည်း မရှိဘူး"

တိုင်ကီထဲမှာ ရေတစ်စက်မှ မရှိတာကို တွေ့ရတော့

သူမ တော်တော်လေး စိတ်ညစ်သွားသည်။

အိပ်ရာဝင်ခါနီး ရေချိုးလေ့ရှိသော သူမအကျင့်က

တစ်ခါတစ်ရံမှာတော့ စိတ်ကုန်ဖို့ကောင်းသည်။

"ဘာဖြစ်ပြန်ပြီလဲ"

"ရေမရှိဘူး"

"မရှိရင် မချိုးနဲ့ပေါ့"

သူကလည်း သူမကို လာမေးသေးသည်။

မေးပြီးတာနဲ့ ဘုတောပြီး အိမ်ရှေ့ကို ထွက်သွားသည်။

သူမ နှုတ်ခမ်းကို နာနာဖိကိုက်လိုက်သည်။

မရှိတော့လည်း ဘာဖြစ်လဲ၊ ကိုယ့်ဘာသာ ကိုယ် ခပ်ချိုးမှာပေါ့။

သူမ ရောက်လာပြီးနောက်ပိုင်းမှာ ရေဝယ်ထည့်နေတာတော့ သူမ သိသည်။

နောက်ထပ် ဝယ်ဖို့ကိုတော့ သူမ အတွန့်တက်ပြီး မပြောရဲပါ။

"ရေသွားခပ်ဦးမယ်"

တစ်လကျော်ဆိုသည့် အချိန်မှာ သိသင့်တာတချို့ကို မသင်ရဘဲနှင့် သူမ တတ်မြောက်လာသည်။





ရေပုံးတစ်ပုံးကို ဆွဲပြီး ရေခပ်ရမည့် နေရာကို သူမ ထွက်လာခဲ့သည်။

ရေဘုံပိုင်မှာ သူမကို ဝိုင်းဝန်း အကဲခတ်နေသော မျက်ဝန်းတွေကို လျစ်လျူရှုရင်း ရေတစ်ပုံး ခပ်လိုက်သည်။

အတော်လေးပင်တာမို့ သူမ ခြေလှမ်းတွေ ယိုင်ကာ စောင်းကျသွားသည်။

ရေပုံးတခြား လူတခြားဖြစ်ကာ သူမ ဒူးခေါင်းလည်း အတော်ပင် နာကျင်သွားသည်။

"နာသွားပြီလား"

သူမကို လက်မောင်းမှ ဆွဲပင့်ပြီး ထူလိုက်သော ရာဇဝင်ကြောင့် သူမ အံ့အားသင့်သွားသည်။

သူ ဘယ်အချိန်ကများ သူမနောက် လိုက်လာသလဲ မသိ။

"စိတ်မချလို့ လိုက်လာတာ၊ ထင်တဲ့အတိုင်းပဲ"

မျက်နှာတင်းတင်းက အချိုးမပြေသည့်ကြားထဲက စိုးရိမ်ပူပန်မှု စကားတစ်ခွန်းက ပွင့်ကျလာသည်။

"ဘာဖြစ်သွားသေးလဲ"

"ဘာမှ မဖြစ်ပါဘူး၊ ဒူးခေါင်းနည်းနည်းနာသွားတယ်"

သူမ လက်မောင်းကို ဆုပ်ကိုင်ထားသော ရာဇဝင့် လက်ကို ရှန်းခါချဖို့ မေ့လျော့စွာ ဖြေဆိုမိသည်။

"သွား ... ဒါဆိုရင် အိမ်ပြန်တော့၊ ရေကို ငါ ခပ်ခဲ့ပေးမယ်"

အဆုံးသတ်တော့ အဲဒီညနေ ရာဇဝင် ခပ်ပေးသည့် ရေကို သူမ ချိုးခဲ့ရသည်။

ပြီးတော့ ရာဇဝင်ရဲ့ စိတ်ရင်းကောင်းတချို့ကိုလည်း မသိမသာ မြင်တွေ့ခွင့်ရခဲ့သည်။





"နွယ်လေး အစ်ကိုက တစ်မျိုးပဲနော်"

အခုချိန်အထိ ရာဇဝင့်အကြောင်းကို သေချာမသိသေးသော သူမကို နွယ်လေးက ရှင်းပြသည်။

"မမ မသိလို့ပါ၊ ကိုကိုက သဘောကောင်းပါတယ်၊ ညီမလေးတို့ မိသားစုအတွက် အိမ်ဝယ်ပေးမလို့ဆိုပြီး ပိုက်ဆံကို အရမ်းချွေတာနေတာ"

"အိမ် ဟုတ်လား"

"ဟုတ်တယ် မမရဲ့၊ ဟိုဘက်တစ်လမ်းကျော်မှာ ရေမီး အပြည့်အစုံပါတဲ့ အိမ်လေးတစ်လုံးဝယ်ဖို့ စရန်တောင် တစ်ဝက်ပေးပြီးသွားပြီ၊ နောက်လကုန်ကျရင် အပြီးချေရမှာ၊ အဲဒါကြောင့် ကိုကိုက ပိုက်ဆံ အရမ်းချွေတာပြီး စုနေတာ"

ရာဇဝင့်အပေါ်မှာ အထင်သေးခဲ့သော သူမရဲ့ ထင်မြင်ယူဆချက်အချို့ မှားယွင်းသွားပြီဖြစ်ကြောင်း သူမ သိလိုက်သည်။

ရာဇဝင် ကြိုးကြိုးစားစားနဲ့ အလုပ်တွေ လုပ်ပြီး ပိုက်ဆံစုနေတာကိုတော့ သူမ တွေ့သည်။

ဘာကြောင့်မှန်းတော့ မသိ။

အခုတော့ ဘာအကြောင်းကြောင့်လဲဆိုတာ သူမ သိသွားသည်။

"အိပ်ကြတော့လေ၊ မနက်ကျ အလုပ်သွားရဦးမယ် မဟုတ်လား"

အောက်ထပ်ကနေ အော်ပြီး သတိပေးလိုက်သော ရာဇဝင့် အသံကြားမှာ ခါတိုင်းလို သူမ စိတ်မဆိုးတော့ဘဲ အသံ ထွက်ရယ်မောက အိပ်ရာဝင်လိုက်သည်။





နောက်တစ်နေ့ မနက် အလုပ်သွားတော့ သူနှင့် နွယ်လေးကို ရာဇဝင်က လိုက်ပို့ပေးသည်။

"ထူးထူးဆန်းဆန်းပါလား"ဆိုပြီး သူမက ခနဲ့တော့ ကား နောက်ကြည့်မှန်ကနေ သူမကို အံကြိတ်ပြသည်။

နွယ်လေးကတော့ ဘယ်တော့မှ အကြောမတည့် သော သူမတို့နှစ်ယောက်ကို ကြည့်ပြီး သဘောကျစွာ ရယ်မော နေသည်။

"မင်းကို လိုက်ပို့ချင်လွန်းလို့တော မဟုတ်ဘူး၊ ငါ့ညီမ ခြေထောက်နာနေလို့ သိလား"

နွယ်လေး မနေ့က လှေကားပေါ် ခြေချော်ကျကာ ခြေထောက် အနည်းငယ်နာသွားသည်ကို သတိရသည်။

ဒါပေမဲ့ နွယ်လေးခြေထောက်နာတာ တစ်ခုတည်း ကြောင့်လို့တော့ သူမ မထင်။

"နွယ်လေး ခြေထောက်နာတာကိုပဲ ကျေးဇူးတင်ရဦးမယ်"

အမြဲတမ်း ကျပ်သပ်နေသည့် ဘတ်(စ်)ကားစီးရတာ ကိုတော့ သူမ ဂိတ်ပျက်လှသည်။

ဘာပဲဖြစ်ဖြစ် နွယ်လေးကြောင့်လို့ အကြောင်းပြသော သူ့စကားကြောင့် သူမ စိတ်မကြည်လင်တော့။

မျက်နှာထားကို အတတ်နိုင်ဆုံး တင်းထားလိုက်သည်။

သူမ အလုပ်လုပ်သည့် Supermarket ရှေ့ကို ကား ထိုးရပ်လိုက်သည်။





တစ်ချိန်တည်းမှာပင် သူမတို့ရဲ့ ဘော့စ်အငယ်လေး ကားကလည်း ထိုးဆိုက်လာသည်။

သေသပ်လှပ ဝင့်ကြွားသော အဖြူရောင်ဝတ်စုံနဲ့ ဘော့စ်သည် ကားပေါ်ကဆင်းလာသည်။

သူမလည်း အကြံတစ်ခုရလိုက်တာမို့ လျင်မြန်သွက် လက်စွာ ဆင်းလိုက်သည်။

ကားတံခါးကို ဂျိန်းခနဲမြည်အောင် ခပ်ကြမ်းကြမ်း ပိတ်လိုက်ရင်း ရာဇဝင်ကို မျက်စောင်းထိုးပစ်လိုက်သည်။

"ဘာဖြစ်ပြန်ပြီလဲဟ"

ဆိုသည့် ရာဇဝင့် အသံက သူမ နောက်ပါးကို ကပ်ပါလာသည်။

"ဟိုင်း ... ဘော့စ် စောလှချည်လား"

ဘော့စ်ရဲ့ နာမည်ကို သူမ အခုထက်ထိ မသိသေး ပါ။

အလုပ်ဝင်တာ မကြာသေးတာလည်းပါသည်။

ပြီးတော့ သူမတို့လို အရောင်းစာရေးတစ်ယော

အနေနှင့် အလှမ်းဝေးလွန်းတာလည်းပါမည်။

"ကိုယ် အမြဲတမ်း စောစောလာတတ်ပါတယ်၊

သတိမထားမိလို့ပါ ပန်းရိုးဖြူ"

ဟုတ်သားပဲ၊ ဘော့စ် စောစောလာလား နောက်

လာလား သူမ တစ်ခါမှ သတိမထားမိပါ။

အမြဲတမ်း နာရီအလုံးအရေအတွက်ကို ဂရုစို

ရေတွက်နေရတာကြောင့် ပတ်ဝန်းကျင်ကို သူမ အာရုံမစူးစိုက်နိုင်

ခဲ့။

"ပန်းရိုးဖြူ ညနေလာကြိုမယ်"

ကားထဲကနေ လှမ်းအော်သော ရာဇဝင့် အသံကို

ကြားရသည်။





သူမက မကျေနပ်သည့် စိတ်အရင်းခံရှိတာမို့ ငြင်း

ဆန်လိုက်သည်။

"ရပါတယ် ရာဇဝင်၊ နေပါစေ ကိုယ့်ဘာသာပြန်မယ်"

ရာဇဝင်က သူမကို စူးစူးစိုက်စိုက် ကြည့်လိုက်သည်။

ပြီးတော့ ကားပေါ်ကနေ ဆင်းပြီး သူမဆီ တည့်

တည့်မတ်မတ် လျှောက်လာသည်။

"အပြန်လာကြိုမယ်၊ ဒီမှာပဲ နွယ်လေးနဲ့ စောင့်နေ"

သူမကို အမိန့်ပေးသလို ပြောပြီး ကားပေါ်တက်

ကာမောင်းထွက်သွားသည်။

## အပိုင်း(၂)

သူ့ရဲ့ ဘဝမှာ ထူးဆန်းတာတွေ များပြားလွန်းသည်။ အထူးသဖြင့် "ပန်းရိုးဖြူ"ဆိုသည့် မိန်းကလေး။

သူ့ရဲ့ ဘဝထဲသို့ နာရီလေးတစ်လုံးနှင့် ရောက်လာသည့် မိန်းကလေး။

ဖြူစင်သော မျက်နှာကလေးက သနပ်ခါးပါးကွက်ကြားကြီးနှစ်ဖက်အောက်မှာပင် လှပနေသေးသည်။





**သူမ** ပါးပြင်ပေါ်က မညီမညာသော သနပ်ခါးပါးကွက်ကို **သူ** ကြည့်မရသော်လည်း မပြောရဲ ...

"ဘော့စပ်နဲ့ဘာဆိုင်လို့လဲ"ဟု မေးလျှင် သူ ဘယ်လိုပြောရမှန်း သိမည်မဟုတ်။ ပြီးတော့ သူ့နာမည်ကို သူမ မေးပုံကဆန်းသည်။ ဘယ်သူကမှ သူ့ဆီ တိုက်ရိုက်မမေးရဲသော အလုပ်ကို သူမက လုပ်ခဲ့သည်။

သူမအကြောင်းတွေးမိသည်နှင့် သူမ ပေးထားခဲ့သော **နာရီလေးကို** သတိရကာ ထုတ်ကြည့်ဖြစ်သည်။

အတော်လေး တန်ဖိုးကြီးသော **နာရီဖြစ်သည်။**

"ဒီလို မမေးသင့်ဘူးလို့ ရှင် မထင်ဘူးလား"

သူ့ကို ကြောက်ရွံ့ခြင်းမရှိဘဲ စူးရဲရဲ မျက်ဝန်းများနှင့် ပြန်ပြောခဲ့သော မိန်းကလေး ...

သူမနှင့် ရင်းနှီးခွင့်ရဖို့ သူ ကြိုးစားကြည့်ချင်သည်။

ညနေအပြန်မှာ သူမနှင့် မိန်းကလေးတစ်ယောက် တံခါးဝမှာ ရပ်နေတာ မြင်သည်။

မနက်က လာပြန်ကြိုမည်ဟု ပြောသွားသော လူကို စောင့်နေတာ ဖြစ်လိမ့်မည်။

ခြေလှမ်းတွေက မရည်ရွယ်ဘဲ သူမဆီ လှမ်းဖြစ်သွားသည်။

"ပန်းရိုးဖြူ"

မျက်ဝန်းနက်နက် တောက်တောက်လေးက သူ့ဆီ ဖျတ်ခနဲ ရောက်ရှိလာသည်။

"ကိုယ် မင်းကို ညနေစာ ကျွေးပါရစေ"

"ကျွန်မကို ... ဟုတ်လား ကိုသီဟဖြူ"

သူ့ကို ဘော့စ်လို့ မခေါ်တော့တာကိုတော့ ကျေးဇူးတင်ရမည်။





သူမရဲ့ အံ့အားသင့်ပုံကိုက ချစ်စရာလေး ဖြစ်နေသည်။

သူမကိုယ်သူမ လက်ညှိုးထိုးရင်း ...

"ကျွန်မ တစ်ယောက်တည်းလား၊ နှယ်လေးကိုပါ ခေါ်ခဲ့မယ်နော်၊ မကောင်းဘူးလား"

သူ့ကို တိုင်ပင်သလိုလိုနှင့် တောင်းဆိုတတ်သည့် သူမရဲ့ ဉာဏ်ရည်ထက်မြက်ပုံက အသိအမှတ်ပြုစရာ။

"ခေါ်ခဲ့လေ ရပါတယ်"

"မမ ... နှယ်လေး မလိုက်တော့ဘူး၊ တော်ကြာ ကိုကို လာလို့ တစ်ယောက်မှ မတွေ့ရင် စိတ်ပူနေလိမ့်မယ်"

ဒီကောင်မလေးက သူ့အစ်ကို့ကို တော်တော်ကြောက်ပုံပေါ်သည်။

ဘာပဲပြောပြော နှယ်လေးရဲ့ ငြင်းဆန်မှုကိုတော့ သူ ကျေးဇူးတင်သည်။

နွယ်လေး မလိုက်ဘူး ဆိုတော့ သူမက စဉ်းစားသလို တစ်ချက်ငြိမ်သွားသည်။

ပြီးမှ သူ့ကို မော့ကြည့်ပြီး ...

"သွားမယ်လေ ကိုသီဟဖြူ"

သူ စိတ်ထဲကနေ ကျိတ်ပြီး ဝမ်းသာသွားသည်။

အမှန်တကယ်ဆို သူမ လိုက်ခဲ့ဖို့ သူ မမျှော်မှန်းပါ။

သူ့ရဲ့ သဘောထားကို သူမ အနည်းငယ် သိစေဖို့သာ ရည်ရွယ်သည်။

စားသောက်ဆိုင် ရောက်တော့လည်း သူမရဲ့ အပြုအမူက အံ့သြဖို့ကောင်းသည်။

MENUကို မကြည့်ဘဲ မှာသည့် ဟင်းလျာဆန်းဆန်း အချို့က သူမနှင့် အကျွမ်းဝင်နေသလိုပင်ဖြစ်သည်။





ဖွန်း၊ ခက်ရင်း၊ ဓား အသုံးပြုပုံ၊ ကိုင်တွယ်ပုံ အားလုံးက သေသပ်လှပနေသည်။

"ပန်းရိုးဖြူ စားသောက်ပုံက တော်တော်လေးလှတယ်နော်"

သူတောင် မနေနိုင် မထိုင်နိုင် ချီးကျူးရသည့်အထိ ဖြစ်သည်။

သူမက အစားအသောက် **မပျက်ဘဲ** ...

"ဟုတ်လား ... ကျွန်မ ဖေဖေက **အရင်က နာမည်ကြီး** ဟိုတယ်တစ်ခုရဲ့ စားဖိုမှူးတစ်ယောက်၊ **ဖေဖေက** ကျွန်မကို အားလုံးသင်ပေးထားတာ"

သူမရဲ့ ဘဝကို သူ စိတ်ဝင်စားပါသည်။

"မင်းရဲ့ အမေကရော"

"ရှိတယ်လေ နယ်မှာ၊ ဖေဖေနဲ့ အတူတူပေါ့၊ ကျွန်မ တစ်ယောက်တည်း ဒီမှာ နေနေတာ"

မိကွဲဖကွဲနှင့် ဒီမှာ အလုပ်လုပ်နေသည့် သူမရဲ့ဘဝကို သူ စာနာသနားသွားသည်။

သူများအိမ်မှာ ကပ်နေရတာဆိုတော့ မျက်နှာငယ်မည်ပေါ့။

"ဘာဖြစ်လို့လဲ ကိုသီဟဖြူ"

မျက်နှာမကောင်းသော သူ့ကို သူမ သတိထားမိဟန်တူသည်။

"ဘာမှ မဖြစ်ပါဘူး"

"ဘာမှ မဖြစ်ရင် အိမ်ပြန်ပို့တော့၊ ဗိုက်ထင်းပြီ"

လက်နှစ်ဖက်ကို နောက်သို့ ဆန့်ထုတ်ရင်း ရယ်ရွှင်စွာ ပြောသော သူမပုံစံလေးက သူမ ပြောသောဘဝနှင့် ဘာမှ လိုက်ဖက်မှုမရှိ။

တသီးတခြားစီ ဖြစ်နေသည်။





သံသယစိတ်တွေကို ဖျောက်ရင်း သူမကို အိမ်ပြန်ပို့ပေးဖို့ ဆုံးဖြတ်လိုက်သည်။

"သွားစို့ ပန်းရိုးဖြူ"

ပညာ
ရပ်ကွက်၊ ကမာရွတ်

"**ဆရာ** ... အားလုံး အဆင်သင့်ဖြစ်ပြီ"

"**အေးကွာ** ... အခုပဲ လာခဲ့မယ်"

သူရဲ့ အဘိုး အဘွား၊ ပြီးတော့ သူ့ရဲ့ အဖေ အမေ၊ အခု သူ၊ တဖြည်းဖြည်းနှင့် ကြီးမားကျယ်ပြန့်သော ကုန်တိုက်ကြီးသည် ရန်ကုန်မြို့တွင်တော့ အကြီးဆုံးဖြစ်သည်။

ဒီကုန်တိုက်ကို သူ စပြီး ဦးစီးကတည်းက ဝန်ထမ်းများ ကုန်တိုက်မှာ မြဲရေးအတွက် သူ စဉ်းစားလုပ်ဆောင်ခဲ့သည်။

သင့်တော်သော လစာများကို တိုးပေးခြင်း ...





သေသပ်ကောင်းမွန်သော ဝတ်စုံများကို ထုတ်ပေးခြင်း ...

အခုလည်း ကုန်တိုက်ကြီး နှစ်ပတ်လည်အတွက် ဧည့်ခံပွဲတစ်ခု ကျင်းပရန် စီစဉ်ခဲ့ခြင်းဖြစ်သည်။

ကုန်တိုက်ကြီး၏ အောက်ဆုံးခန်းမကို ရှင်းလင်းပြီး အလယ်၌ အမျိုးတစ်ရာကျော်သော ပစ္စည်းများကို စုပုံနေရာချထားသည်။

ဝန်ထမ်းတစ်ယောက်စီလျှင် ကြိုက်နှစ်သက်ရာ ပစ္စည်းတစ်ခုကို ရွေးချယ်ယူပိုင်ခွင့်ရှိသည်။

သူက သူ့အတွက် သတ်မှတ်ထားသော နေရာမှာ ဝင်ထိုင်လိုက်သည်။

"**အစီအစဉ် စ,ရတော့မလား ဆရာ**"

"**စ,လိုက်တော့**"

တာဝန်ခံမန်နေဂျာက အခန်းတံခါးကို ဆွဲဖွင့်ပြီး တစ်ဖက်ခန်းရှိ ဝန်ထမ်းများကို အော်ပြောလိုက်သည်။

"အားလုံး တန်းစီပြီး တစ်ယောက်ချင်း ဝင်ကြ"

သူ အပါအဝင် ကုန်တိုက်ရှိ လူကြီးများက ဒီဘက်ခန်းမှနေ၍ ဝန်ထမ်းများ ပစ္စည်းရွေးချယ်ပုံကို အကဲခတ်နေသည်။

တန်းစီနေသော ဝန်ထမ်းများကြား၌ ပန်းရိုးဖြူကို မတွေ့သဖြင့် သူ စိတ်ပူသွားသည်။

ပြီးတော့မှ ခပ်လှမ်းလှမ်းမှာ လက်ပိုက်ပြီး ရပ်နေသော သူမကို တွေ့လိုက်ရသည်။

"ကိုမျိုးလင်း ... ဟိုတစ်ယောက်က ဘာဖြစ်လို့ ဝင်ပြီး တန်းမစီတာလဲ"

တာဝန်ခံမန်နေဂျာကို မေးမှ သူမရဲ့ လုပ်ရပ်အတွက် အဖြေရသည်။





"သြော် ... ပန်းရိုးဖြူကို မေးတာလား၊ သူက နောက်ဆုံးမှ ယူမယ်တဲ့ ဆရာ၊ ဒါကြောင့် ဝင်ပြီး တန်းမစီတာ"

"သြော်"

အရင်ဦးစွာ လိုချင်သည့် ဝန်ထမ်းတွေကြားမှာ သူမ မပါတာတော့ သူ အံ့သြမိသည်။

သူ့နေရာသူ ပြန်ထိုင်လိုက်ချိန်မှာ ဝန်ထမ်းများက တန်းစီပြီး ဝင်လာကြသည်။

သူ တွေ့ရသလောက် ဝန်ထမ်းအများစုက မီးပူများ၊ ထမင်းပေါင်းအိုးများ၊ ဗီစီဒီကက်ဆက်များ ယူကြတာကို တွေ့ရသည်။

တဖြည်းဖြည်းနှင့် လူတွေအားလုံး ကုန်သွားကာ သူမအလှည့် ရောက်လာခဲ့သည်။

သူမက အခန်းထဲ ဝင်လာပြီး စုပုံထားသည့် ပစ္စည်းများရှေ့ရပ်ကာ ခေတ္တအကဲခတ်သည်။

ပြီးတော့ ကြည့်ပြာရောင် ရေမွှေးပုလင်းကို အသာ ဆွဲယူလိုက်သည်။

သူ သိတာပေါ့။

ထိုကြည့်ပြာရောင် ရေမွှေးပုလင်းလေးသည် POME အမည်ရှိ ရေမွှေးပုလင်းလေးဖြစ်သည်။

တန်ဖိုးအားဖြင့် ခြောက်သောင်း ခုနစ်သောင်းဝန်း ကျင်မှာရှိသည်။

ဝန်ထမ်းများအား ပေးသည့် ပစ္စည်းများထဲ၌ ထို ရေမွှေးပုလင်းက ဈေးအကြီးဆုံးဖြစ်သည်။

သို့သော်လည်း ဒါကို ဘယ်သူမှ မသိ။

သူမကတော့ ထိုရေမွှေးပုလင်းကို တွေ့တွေ့ချင်း သူမနှင့် အကျွမ်းဝင်နေသည့်အလား ဆွဲယူလိုက်သည်။

သူမရဲ့ အပြုအမူအတွက် သူ သဘောကျသွားသည်။





ပြီးတော့ အခန်းအပြင်ဘက် ပြန်ထွက်သွားသော သူမရဲ့ နောက်ကို ခြေလှမ်းကျဲကြီးများဖြင့် သူ လိုက်ခဲ့မိသည်။

"ပန်းရိုးဖြူ"

သူမကို လှမ်းခေါ်လိုက်သည်။

သူမကလည်း သူ့ကို တေ့တေ့ချင်း ...

"ဟိုင်း ... ဘော့စ်"တဲ့။

အဲဒီလို အခေါ်ခံရတာတော့ သူ နည်းနည်းလေး မကြိုက် ...

"အဲဒီလို မခေါ်စမ်းနဲ့"

သူမ့ မျက်နှာလေးက ရွှင်ပျနေသည်။

"ဘော့စ်ကို ဘော့စ်လို့ ခေါ်တာလေ ဘာဖြစ်လို့လဲ"

"တခြားလူ ခေါ်လို့ရတယ်၊ မင်း ခေါ်လို့ မရဘူး"

"ဘာဖြစ်လို့လဲ"

အနက်ဘက်များသည့် မျက်ဝန်းလေးနှင့် မော့ကြည့်ပုံကိုက စွဲမက်ချင်စရာ ကောင်းလှသည်။

"မင်းက ကိုယ့်ကို ဘော့စ်လို့ သတ်မှတ်တာကို ကိုယ် မလိုချင်ဘူး"

"အမယ်လေး ... ခေါ်လို မရတာတွေဆော သတ်မှတ်တာတွေရော ရှုပ်နေတာပဲ"

အမှန်တကယ်ဆို သူမ သူ့ကို ဆက်ဆံပုံကလည်း သူ့လက်အောက်က အလုပ်သမားအသွင် လုံးဝမရှိပါ။

သူမနှင့်တန်းတူ မိတ်ဆွေတစ်ယောက်ကို ဆက်ဆံသလို ရဲရင့်လှသည်။

"ဒါနဲ့ စကားမစပ်၊ မင်း ဘာဖြစ်လို့ ဒီရေမွှေးပုလင်းကို ယူတာလဲ"

"ကျွန်မ သုံးနေကျ ရေမွှေးလေးလေ"





သူမက လက်၌ ဆုပ်ကိုင်ထားသော ရေမွှေးပုလင်းလေးကို သဘောတကျ နမ်းရှိုက်ရင်း ပြောသည်။

သူက အံ့ဩစွာပင် မေးခွန်းတစ်ခု ထပ်မေးလိုက်သည်။

"ဒီရေမွှေးပုလင်းရဲ့ တန်ဖိုးကို မင်း သိလား"

သူမက ရုတ်ချည်းငြိမ်သက်သွားသည်။

သူမ လစာရဲ့ ဆယ်ဆနီးပါး တန်ဖိုးရှိသည့် ရေမွှေးရဲ့ တန်ဖိုးကို သူမ သိရဲ့လား ...

"မသိဘူး၊ အရင်က ကျွန်မရဲ့ အစ်ကိုဝမ်းကွဲတစ်ယောက်က ကျွန်မ ရေမွှေး ကြိုက်တတ်မှန်းသိလို့ ပို့ပို့ပေးတယ်၊ ဒီတံဆိပ်ပဲ၊ တန်ဖိုးကြီးလားဟင်"

သူ့ကို ပြန်ပြီး မေးခွန်းထုတ်နေသော သူမအပေါ်မှာ သံသယအားလုံး လွင့်ပြယ်သွားသည်။

"မင်း သဘောကျရင် ပြီးတာပဲ"

သူမ ကြိုက်နှစ်သက်သည့် ရေမွှေးရဲ့ တန်ဖိုးကို မသိလည်း ကိစ္စမရှိ။

သူ အမြဲတမ်း လက်ဆောင်ပေးနိုင်သည်။

"မင်းအတွက် ဘူဖေး ကိုယ် ယူပေးမယ်"

"ကျေးဇူးပဲ"

သူမရဲ့ အပြုံးတစ်ပွင့်က သူ့အတွက်တော့လင်းလက်သော ကြယ်တစ်ပွင့်ဖြစ်သည်။





"ဆရာ ... အပြင်မှာ ဧည့်သည်တစ်ယောက် ဆရာနဲ့ တွေ့ချင်လို့တဲ့"

"ဘယ်သူလဲ"

"ရာဇဝင်တဲ့ ဆရာ"

ဒီနာမည်ကို သူ တစ်ခါမှ မကြားဖူးပါ။

သူ့ရဲ့ အသိတော့ မဖြစ်နိုင်ပါ။

ဘာပဲဖြစ်ဖြစ် အကြောင်းကိစ္စ တစ်ခုခု မရှိဘဲနှင့်တော့ သူနှင့် လာတွေ့မည် မဟုတ်။

"လွှတ်လိုက်ပါ"

အခန်းထဲ ဝင်လာသည့် လူကို မြင်တာနှင့် သူ ချက်ချင်း မှတ်မိသွားသည်။

ဆံပင် ခပ်ညိုညိုအောက်က မျက်ဝန်းများက ဟန်တစ်မျိုးနှင့် စူးရှတောက်ပြောင်နေသည်။

ယောက်ျားပီသသည့် မျက်ဝန်းမျိုး ဖြစ်သည်။

"ကျွန်တော် ရာဇဝင်ပါ"

"ထိုင်ပါ"

ရာဇဝင်က သူ ညွှန်ပြသောထိုင်ခုံမှာ ဝင်ထိုင်သည်။

"ပန်းရိုးဖြူရဲ့ အိမ်ကလား"

သူမနှင့် ပတ်သက်လာလျှင် သူ့မှတ်ဉာဏ်က မယုံကြည်နိုင်လောက်အောင် ကောင်းမွန်တတ်သည်။

"ပန်းရိုးဖြူရဲ့ အုပ်ထိန်းသူ"





ဒီစကားအတွက် သူ မကျေနပ်သော်လည်း အောင့်သက်သက်နှင့် သည်းခံလိုက်သည်။

ပန်းရိုးဖြူ မိဘတွေ ကိုယ်တိုင် ယုံကြည်ပြီး အပ်နှံထားမှတော့ ပန်းရိုးဖြူရဲ့ လက်ရှိအုပ်ထိန်းသူပေါ့။

"ကိစ္စရှိလို့လား ကိုရာဇဝင်"

ဘာပဲပြောပြော သူမနှင့် ပတ်သက်သည့် ကိစ္စတစ်ခုခုတော့ ရာဇဝင် သယ်လာလိမ့်မည်ဟု သူ ထင်သည်။

"ရှိတယ် ... ဟိုတလောက ပန်းရိုးဖြူ ခင်ဗျားဆိုင်က နာရီတစ်လုံးကို ခွဲပစ်ခဲ့တယ် ပြောတယ်"

"ဟုတ်တယ် ... ဒါပေမဲ့ တန်ရာတန်ကြေးကို လျော်ပေးပြီးသွားပြီ"

သူမ ထားခဲ့သည့် နာရီလေးကို ရည်ညွှန်းပြီး ပြောလိုက်သည်။

"ဟုတ်ကဲ့ ... ကျွန်တော် သိပါတယ်၊ အခုလည်း ဒီကိစ္စအတွက် ကျွန်တော် လာခဲ့တာပဲ"

ရာဇဝင်က ဆွဲကိုင်ထားသောအိတ်မှ ပိုက်ဆံတစ်ထပ်ကို သူ့စားပွဲပေါ်သို့ တင်ပေးသည်။

"တစ်သိန်းသုံးသောင်းနှစ်ထောင် အတိပဲ၊ လုံးဝ မလျှော့ဘူး"

"ဒီပိုက်ဆံတွေက ..."

အခုအချိန်အထိ ရာဇဝင်ရဲ့ အပြုအမူတွေကို သူ နားမလည်သေး ...

"ကျွန်တော် ပန်းရိုးဖြူရဲ့ နာရီလေးကို ပြန်ယူချင်တယ်"

သူ မစဉ်းစားမိသော အကြောင်းအရာဖြစ်သည်။

နာရီလေးအကြောင်း စဉ်းစားမိတော့ ပိုဆိုးသည်။

ဒီနာရီလေးကို ဘယ်လိုနည်းနဲ့ပဲဖြစ်ဖြစ် သူ မပေးရက်ပါ။





"ဒီနာရီလေးက ပန်းရိုးဖြူ ကိုယ်တိုင် ကျေကျေနပ်နပ်နဲ့ ဒီမှာ အပေါင်ထားခဲ့တာပါ"

"ဟုတ်ပါတယ် ... အပေါင်ထားတဲ့ ပစ္စည်းဆိုတာ ပြန်ရွေးယူလို့ ရပါတယ်"

နာရီလေးကို ပြန်ပေးရမည် ဆိုတာတော့ သူ သိတာပေါ့၊ ဒါပေမဲ့ သူ မပေးချင်ပါ။

ဒီနာရီလေးကို သူနဲ့အတူ သိမ်းထားချင်မိသည်။

"ဒါပေမဲ့ ခင်ဗျားက ကာယကံရှင် ကိုယ်တိုင် မဟုတ်ဘူးလေ"

အချိန်ရရင် ရသလောက် နာရီလေးကို သိမ်းထားချင်သည်က သူ့ဆန္ဒအမှန် ဖြစ်သည်။

သူ မပေးချင်သည့်ပုံစံ ဖြစ်နေတာကို ရာဇဝင်က ရိပ်မိသည်ပုံမပေါ်။

စေတနာစာပေ

"ကျွန်တော်က ကာယကံရှင် မဟုတ်ပေမဲ့ ကာယကံရှင်ရဲ့ အုပ်ထိန်းသူပါ၊ ပြီးတော့ ဒီငွေတွေကလည်း ပန်းရိုးဖြူ မိဘတွေ ကိုယ်တိုင် ပို့ပေးလိုက်တဲ့ ငွေတွေပါ၊ ရပါတယ်၊ ခင်ဗျား မထုတ်ပေးလည်း ကိစ္စမရှိပါဘူး၊ ကျွန်တော် ပန်းရိုးဖြူ မိဘတွေကို အကြောင်းပြန်လိုက်မယ်"

ရာဇဝင်က အေးအေးဆေးဆေး ပြောသလောက် သူကတော့ ထူပူသွားသည်။

ပန်းရိုးဖြူနှင့်ရော ပန်းရိုးဖြူမိဘတွေနဲ့ပါ သူ ပြဿနာ မဖြစ်ချင်ပါ။

"ကောင်းပြီလေ၊ ခင်ဗျားဒီလောက်ပြောနေမှတော့ ကျွန်တော် ခင်ဗျားကို ယုံပြီး ထုတ်ပေးလိုက်ပါ့မယ်"

သူ ထုတ်ပေးသော နာရီလေးကို ရာဇဝင်က လှမ်းယူသည်။ ပြီးတော့ နာရီလေးကို ပျောက်သွားမှာ စိုးရိမ်သည့်အလား မက်မက်မောမောကြည့်သည်။





ဘုရားရေ ... ရာဇဝင်ကရော ဒီနာရီလေးကို သူ့နည်းတူ သိမ်းထားချင်လို့များ ...

သူ အလန့်တကြားတွေးရင်း လှမ်းတားဖို့ ကြိုးစားသော်လည်း နောက်ကျသွားသည်။

"ကျေးဇူးပဲ"

ရာဇဝင်က သူ့ကို နှုတ်ဆက်ပြီး လေအဟုန်လို လျင်မြန်စွာ ထွက်သွားသည်။

သူ့မှာသာ ပြတ်ပြတ်သားသား မငြင်းဆန်လိုက်ရသည့်အတွက် နောင်တတွေ တစ်ပုံတစ်ပင်နှင့် ကျန်ရစ်ခဲ့သည်။

အိမ်ပြန်ရောက်တာနှင့် စိတ်ရှုပ်စရာတွေက ပိုမိုများပြားလာသည်။

သူ့ကို သည်းသည်းလှုပ်အောင်ချစ်သော မေမေနှင့် **မေမေ့ညီမ** အပျိုကြီးသုံးယောက်က သူ့ကို ခေတ္တနားချိန်ပင်မပေး။

သူ့ကို နားငြီးအောင် မေးခွန်းတွေ တစ်ခုပြီးတစ်ခု မေးကြသည်။

"ရွှေနွယ်ကြိုးသတင်း ဘာကြားသေးလဲ" မှ စလိုက်သောမေးခွန်းက ဘယ်တော့မှ တော်ရုံနှင့် အဆုံးမသတ်။





အခုလည်း သူ အိမ်ပြန်ရောက်ပြီး ညှော်ခန်းထဲရောက်ရုံပဲရှိသေးသည်။ သူ့အဒေါ်သုံးယောက်က ဝုန်းခနဲ ပြေးလာပြီး ...

"သားကြီးရေ ... သားကြီးကို သတင်းကောင်း ပြောရဦးမယ်"

"ကျွန်တော် နားပြီးမှ ပြောလို့မရဘူးလား တီကြီး"

သူက သူ့အဒေါ်သုံးယောက်ကို တီကြီး၊ တီလတ်၊ တီလေးဟု ခေါ်ပါသည်။

အခုလည်း သုံးယောက်စလုံး သူ့နံဘေးမှာ ဝိုင်းအုံနေကြပြီဖြစ်သည်။

"နားတာက ဘယ်အချိန်နားနား ရပါတယ် သားကြီးရယ်၊ ဒီမှာ တီကြီး ပြောပြမယ်၊ သေချာနားထောင်"

ဘယ်လိုမှ ပြောလို့ရမယ်မထင်၊ သူ့စိတ်ကို လျှော့ပြီး တီကြီးကို အလျှော့ပေးလိုက်သည်။

"ကဲ ... ပြောချင်ရင်လည်း ပြောတော့ တီကြီး"

"ရွှေနွယ်ကြိုးကို တွေ့ခဲ့ပြီ"

သူ့ရင်ထဲ ဒိန်းခနဲ ဖြစ်သွားသည်။

ဒီသတင်းစကားက တီကြီးတို့အတွက် သတင်းကောင်းဖြစ်သော်လည်း သူ့အတွက်တော့ မကောင်း ...

"သူ့အိမ် ပြန်ရောက်သွားပြီပေါ့"

"မဟုတ်သေးဘူး"

တီကြီးတို့အုပ်စု ပြောနေတာတွေက သူ့ကို အမှန်တကယ် စိတ်ရှုပ်စေသည်။

"တီကြီးတို့ ပြောတာတွေကလည်း ရှုပ်နေတာပဲ၊ ကျွန်တော် ဘာမှ နားမလည်တော့ဘူး"

တီကြီးက သူမ ပါးစုံ့ကြီးနှစ်ဖက်ကို တင်းနေအောင် ဖြုံးပြီး ...





"တီကြီး ပြောချင်တာက ရွှေနွယ်ကြိုးကို ဟိုတလောက အသိတစ်ယောက်က မြို့ထဲမှာ တွေ့လိုက်တယ်တဲ့"

"ဒါများ ဘာဆန်းလို့လဲ"

တကယ့်ကို စိတ်ပျက်စရာ၊ တီကြီးတို့ အုပ်စုက အလုပ်မရှိ အလုပ်ရှာသည်။

"ဩော် ... ဆန်းတာပေါ့ဟဲ့ ... ဒီသတင်းအရ ဆိုရင် ကောင်မလေး ရန်ကုန်မှာပဲ ရှိနေသေးတာ သေချာပါတယ်"

စုံထောက်ကြီးတွေလို လက်နောက်ပစ်ပြီး ပြောနေပုံက ရယ်ချင်စရာ ကောင်းလှသည်။

သူကတော့ သူ့ကို လက်မထပ်ချင်၍ မင်္ဂလာဆောင်မည့်နေ့ကျမှ ထွက်ပြေးသွားသော ရွှေနွယ်ကြိုးကို ဒေါသထွက်ရမည့်အစား ကျေးဇူးတင်ခဲ့ပါသည်။

မျက်နှာလေး အနည်းငယ်လှသည်မှလွဲ၍ ပေါင်တစ်ရာ့ခြောက်ဆယ်လောက်ရှိသည့် ခန္ဓာကိုယ်နှင့် မိန်းကလေးတစ်ယောက်ကို လက်မထပ်ချင်ပါ။

ရွှေနွယ်ကြီးရဲ့ ဓာတ်ပုံကို ညီညီ လာပြကတည်းက သူ စိတ်ဓာတ်ကျခဲ့သည်။

ရွှေနွယ်ကြီး ထွက်ပြေးသွားပြီ ကြားတုန်းက သူ **အတော်လေး** ပျော်ရွှင်ခဲ့သေးသည်။

"**အမယ်လေး** ... ငါတို့ တူလေးက ဘာချွတ်ယွင်းချက်ရှိလို့လဲ၊ သင်းက ကြီးကြီးကျယ်ကျယ်"

ပထမတုန်းက အဒေါ်တွေအားလုံးက ထိုသို့ တညီတညွတ်တည်းလေသံ ထွက်ခဲ့ကြသည်။

နောက်ပိုင်းတော့ ...

"အေးလေ... ငယ်သေးလို့ ဖြစ်တာပဲ၊ လူငယ်ချင်း သေချာ





ဆွေးနွေးပြီး စီစဉ်ခဲ့တာမှ မဟုတ်တာ၊ ကောင်မလေး အပြစ်လည်း မဟုတ်ပါဘူး"

လျှော့ကျသွားသည့် လေသံတွေက အမျိုးမျိုးပင် ဖြစ်သည်။

သူကတော့ လုံးဝ စိတ်မဝင်စား ...

ခပ်ဝဝ မိန်းကလေးတွေကို လမ်းမှာတွေ့လျှင်တောင် ရွှေနွယ်ကြီး ဖြစ်နေမှာစိုး၍ မျက်နှာလွှဲမိသည်အထိ ဖြစ်လာခဲ့သည်။

"တီကြီးတို့ ဘာသာ စိတ်ဝင်စားနေ၊ ကျွန်တော်က တော့ စိတ်မဝင်စားဘူး၊ သူ ချမ်းသာသလောက်က ကျွန်တော်တို့လည်း ချမ်းသာတာပဲ၊ ရွှေနွယ်ကြီး လုပ်လို့ တီကြီးတို့ မင်္ဂလာပွဲမှာ အရှက်ရတာတောင် အမှတ်မရှိဘူး"

အဲဒီအချိန်က သူကိုယ်တိုင် မင်္ဂလာပွဲ မရောက်သေး၍ တော်သေးသည်။ ဧည့်ပရိသတ်များအား တီကြီးတို့အုပ်စုမင်္ဂလာလက်ဖွဲ့များကို ပြန်ပေးနေရင်း ပျာနေအောင် တောင်းပန်ခဲ့ရတာကိုလည်း သူ မမေ့။

တီကြီး၊ တီလေးတို့က သူ့ကို ရွှေပြည်အေးတရားဟောဖို့ ဆက်လက်ကြိုးစားနေသေးသည်။

"သြော် ... သားကြီးရယ်၊ ဒီလိုအဖြစ်မျိုးက ဖြစ်တတ်ပါတယ်"

"တော်ပြီ ... တော်ပြီ'... ကျွန်တော် မောလာပြီ၊ နားတော့မယ်"

စကားလုံးတွေကို ဖြတ်တောက်ပြီး အခန်းထဲ အမြန်ဝင်လာခဲ့သည်။

နို့မို့ဆိုလျှင် မလွယ် ...





တီကြီးတို့တစ်အုပ်စုလုံး စိတ်ဝင်စားသည့် ရွှေနှယ်ကြိုးနေရာမှာ သူ မြင်ယောင်မိသည်က ပန်းရိုးဖြူ ဖြစ်သည်။

သူမ အကြောင်း စဉ်းစားမိတာနှင့် သူ့နှုတ်ခမ်းတွေက အလိုလို ပြုံးယောင်သမ်းသွားသည်။

"ခဏလေး အိမ်လိုက်ပေးရုံပဲကွာ၊ တောင်းပန်ပါတယ်"

"ဟာ ... ဘာဆိုင်လို့လဲ"

သူမက မျက်ဝန်းလေးများ ပြုံးသွားသည်အ
ငြင်းဆန်လိုက်တော့ သူ့စိတ်ဓာတ်တွေက ဟိုးအောက်ဆုံးအ
ကျသွားခဲ့သည်။

ရွှေနှယ်ကြိုးနဲ့ ပတ်သက်ပြီး သူ့ရဲ့ အဒေါ်တွေအ
လုံး ပါးစပ်ပိတ်သွားစေရန်အတွက် သူ့ဘက်က အစွမ်းအစရှိ
လည်း လိုသေးသည်။





"ရှင့်မှာ ပြဿနာရှိလို့လား"

"ရှိတယ်၊ ကိုယ့်ရဲ့ အဒေါ်တွေက ကိုယ့်ကို ရွှေနှယ်ကြိုးဆိုတဲ့ မိန်းကလေးကို ရှာပြီး အတင်းပေးစားမလို့ စီစဉ်နေတယ်"

"ရွှေနှယ်ကြိုး ဟုတ်လား"

သူမ အံ့သြမည်ဆိုလည်း အံ့သြပေမည်။ သူ့နှုတ်
းက ဒီနာမည်ကို သူမရှေ့တွင် တစ်ခါမှ မပြောဖူးပါ။

"ဟုတ်တယ်၊ အရင်က ကိုယ်နဲ့ လက်ထပ်ဖို့ စီစဉ်ထားတဲ့ မိန်းကလေး၊ လက်ထပ်မဲ့နေ့ကျမှ ထွက်ပြေးသွားတယ်"

"ရှင့်ကို ဗိုက်ပူပူနဲ့ ရုပ်ဆိုးကြီးထင်လို့ ထွက်ပြေးသွားတာဖြစ်မှာပေါ့"

အဲဒီကိစ္စအတွက် သူမက မနာလိုမဖြစ်သည့်အပြင်
သူ့ကိုတောင် ရှင်မြူးစွာ စနောက်နေသေးသည်။

"သူ ဝတ္တာကမှ မင်းသုံးဆလောက် ရှိတယ်ကွ သိလား"

"တကယ်"

"ဟုတ်တယ်၊ အဲဒီခန္ဓာကိုယ်နဲ့ မိန်းမတစ်ယောက်ကို လက်ထပ်ဖို့ လက်ခံခဲ့တာ ကိုယ်ဖြင့် နောင်တရလို့မဆုံးဘူး"

သူမက သဘောကျစွာ အူလှိုက်သည်းလှိုက် ရယ်မောနေရာက တစ်ခုခု တွေးမိပုံနှင့် ငြိမ်သက်သွားသည်။

"ရှင် သူ့ကို မြင်ဖူးတယ်ပေါ့"

"အပြင်မှာ မမြင်ဖူးပါဘူး၊ ဓာတ်ပုံတောင် ညီညီ ပြလို့ မြင်ဖူးတာ"

အခုချိန်မှာ ရွှေနှယ်ကြိုး မျက်နှာကို ပြန်တွေးရင်တောင် မှတ်မိစရာ မရှိတော့။

သူများနှင့် မတူဘဲ ထူးထူးခြားခြား ဝနေသော ခန္ဓာကိုယ်တစ်ခုသာ အမှတ်ရစရာ ကျန်ရစ်ခဲ့သည်။





"အခုချိန်ထိ ရှင့်အဒေါ်တွေက စိတ်မကုန်သေးဘူးလား"

"အေးကွာ ... ကိုယ့်မှာ ဒီလိုအဒေါ်တွေရှိတာ ကိုယ်ကံကောင်းတာလား၊ ကံဆိုးတာလား ဆိုတာ မသိတော့ပါဘူး"

သူ တကယ်ကို စိတ်ဓာတ်ကျစွာ ညည်းလိုက်တော့မှ သူမက ခေါင်းထောင်လာပြီး ...

"အဲဒါနဲ့ ကျွန်မကို ရှင့်အိမ်ခေါ်တာ ဘာဆိုင်လို့လဲ"

ဟုတ်သားပဲ၊ ဒီအကြောင်းကို အခုအချိန်ထိ သူမကို သေသေချာချာ မရှင်းပြရသေး ...

သူ့ရဲ့လေသံက ရက်စွဲ့စွာ တိုးဖျော့ပြီး ညင်သာသွားသည်။

"ကိုယ် ပန်းရိုးဖြူကို ကိုယ် ရည်းစားထားတဲ့ မိန်းကလေးတစ်ယောက်အနေနဲ့ ခေါ်ပြီး မိတ်ဆက်ပေးချင်တာ"

"ကျွန်မက ဟန်ဆောင်ပေးရမှာလား"

လဲသေလိုက်ဖို့တောင် ကောင်းသည်။

သူက ခံစားချက်အပြည့်နှင့် ပြောနေသော်လည်း သူမက တကယ်မထင်။

"ဟန်ဆောင်ပေးရမှာ မဟုတ်ဘူး၊ ကိုယ်က အမှန်အတိုင်း ပြောတာ"

ရှက်သွေးဖြာကာ ပန်းရောင်သမ်းနေသော မျက်နှာတစ်ခုကို မြင်ရလိမ့်မည်ဟု သူ ထင်သော်လည်း လွဲချော်သွားသည်။

သူမက ရယ်ဟဟနှင့် ...

"ဟာ ... ဘယ်လိုကြီးလဲဟ၊ ရည်းစားစကား တန်းပြောနေပြီ၊ ဒုက္ခပါပဲ"

သူမအတွက် မထူးဆန်းသည့် စကားတွေကိုမှ သူ ပြောနေမိလေသည်။ သူ့စကားအတွက် သူ ပြန်ရှက်မိစဉ်မှာပင် သူမက ထပ်ပြော၏။





"ကူညီပေးတဲ့ အနေနဲ့ဆိုရင်တော့ ကျွန်မ စဉ်းစားပေးမယ်"

သူ တွေဝေသွားသည်။

ရှင်းရှင်းပြောရလျှင် သူ့ဘက်က အကူအညီတစ်ခု အနေနှင့် မစဉ်းစားခဲ့ဖူးတာ အမှန်ဖြစ်သည်။

အကူအညီဆိုလျှင်လည်း မဆိုး ...

သူ့အဒေါ်တွေအားလုံး ပါးစပ်ပိတ်သွားနိုင်သည်။

ဘာပဲပြောပြော ပန်းရိုးဖြူအနေနှင့် သူ့ဘက်က စဉ်းစားပေးသည် ဆိုကတည်းက သူ့အတွက် အခြေအနေမဆိုး။

"ကောင်းပြီလေ၊ ပန်းရိုးဖြူဘက်က အကူအညီလို့ သဘောထားပြီး လိုက်ခဲ့ပေးတာကို ကျေးဇူးတင်တယ်၊ ဒါပေမဲ့ တစ်နေ့ကျရင်တော့ အဲဒီလို သဘောထားပြီး မလိုက်စေချင်ဘူး"

"ဘယ်တစ်နေ့ကို ပြောတာလဲ"

မျက်လုံးဝန်းဝန်းလေးတွေက တကယ်ပဲ နားမလည် တာလား၊ ဒါမှမဟုတ် နားမလည်ချင်ယောင်ပဲဆောင်သလား သူ မခွဲခြားတတ်။

သူ့ရဲ့လေသံသည် ဟိုးအနိမ့်ဆုံးအထိ ကျဆင်းသွားသည်။

"ပန်းရိုးဖြူ သင်္ဘောထား ပြောင်းလာတဲ့ တစ်နေ့ပေါ့"

သူမက သူ့ကို ငြိမ်သက်စွာ ကြည့်သည်။

ထိုခဏလေးမှာ သူမရဲ့ ငြိမ်သက်ခြင်းကိုပဲ သူ မြတ်နိုးမိသည်။





သူမ ပုံစံကို မြင်မြင်ချင်း သူ အရမ်းရယ်ချင်သွားသည်။ ကြီးမားသော ပါးကွက်ကြီးက သူမ မျက်ကြီးတစ်ခုလုံးကို ဖုံးအုပ်ထားသည်။ မျက်ခုံးနှစ်ဖက်စလုံးက သနပ်ခါးများဖြင့် ဖွေးကျဲနေသည်။

"ပန်းရိုးဖြူ ... မင်း မှန်မကြည့်ခဲ့ဘူးလား"

"ကြည့်ခဲ့ပါတယ်"

သူ ဘာဆက်ပြောရမည်နည်း။

သနပ်ခါးများ သူမ မျက်ဝန်းနှစ်ဖက်ကို မဖုံးအုပ်မိတာကိုပဲ ကြဲကြဲဖန်ဖန် ကျေးဇူးတင်ရမည်။

"ဘာဖြစ်လို့လဲ"

မှန်ကြည့်ခဲ့သည်လည်း ပြောသေးသည်။ သူ့ကို ပြန်မေးနေသေးသည်။

"ကိုယ်ကတော့ မင်း မျက်နှာတစ်ခုလုံး သနပ်ခါးတွေကို ညီညာအောင် ဖျက်ပစ်သင့်တယ်လို့ ထင်တယ်၊ ဒါပေမဲ့ ထားလိုက်ပါတော့၊ မင်း လှမယ်ထင်ရင် ပြီးတာပဲ"

"ကျွန်မကတော့ ဒီအတိုင်းပဲ ကြိုက်တယ်"

သူမရဲ့ ခေါင်းမာမှုကို သူ အမြဲတမ်း အလျှော့ပေးချင်နေတာကိုက သူရဲ့ ပျော့ညံ့မှုပင်ဖြစ်သည်။

ကိုယ်တိုင်က သိနေသော်လည်း ပြင်ဆင်ဖို့ တစ်ခါမှ မကြိုးစားမိ။

ဒါကိုပဲ သူ ပျော်ရွှင်နေသလား မသိ။





သူ့အိမ်ရောက်တော့ တီကြီးတို့သုံးယောက်စလုံးက အံ့အားသင့်လွန်း၍ ပါးစပ်ပင် မဟနိုင်။

"ပန်းရိုးဖြူ ထိုင်လေ၊ ခဏနော် ကိုယ့်အဒေါ်သုံးယောက်နဲ့ မိတ်ဆက်ပေးမယ်၊ မေမေတော့ မရှိဘူး၊ တရားစခန်းဝင်နေတယ်"

သူမက ဆိုဖာဆက်တီတစ်ခုမှာ သေသပ်စွာ ဝင်ထိုင်တော့ သူ ကျေနပ်သွားသည်။

သူက ရေတစ်ပုလင်းကို ဖောက်သောက်ရင်း သူ့အဒေါ်သုံးယောက်ဘက် မျက်နှာချင်းဆိုင်လိုက်သည်။

"သားကြီး ... သူက"

သူ့အဒေါ်တွေ ဖြစ်နေသည့်ပုံစံက ရယ်ရွှင်ဖွယ်ကောင်းနေသည်။

သူမကို တအံ့တဩ ဝိုင်းကြည့်နေကြသည်။

သူက ရယ်ချင်စိတ်ကို မနည်းထိန်းပြီး ...

"သြော် ... တီကြီးတို့နဲ့ မိတ်ဆက်ပေးရဦးမယ်၊ သူ့နာမည်က ပန်းရိုးဖြူတဲ့၊ ကျွန်တော် လက်ထပ်ဖို့ ရည်မှန်းထားတဲ့ မိန်းကလေးပဲ"

သုံးယောက်စလုံး ကြက်သေ သေသွားသည်ကိုက တညီတညာ။

သူမ ကျိတ်ပြီး ရယ်လိုက်တာကိုတောင် သူ တွေ့သည်။

လောလောဆယ် အဖြစ်အပျက်က သူ့အဒေါ်သုံးယောက်နှင့်ပင် အတော်လေး ရယ်စရာဖြစ်နေပြီ။

"သားကြီး မင်းမှာက ..."

မယုံကြည်နိုင်သလို ထစ်ငေါ့နေသော တီလတ်ကို သူက ဘာမှ အရေးမကြီးသည့်ပုံစံနှင့် လက်ကာပြပြီး ...





"ဘာလဲ ... ရွှေနှယ်ကြိုးကို ပြောတာလား၊ ဒီမှာ တီကြီးတို့အားလုံးကို တစ်ခါတည်း ပြောထားမယ်နော်၊ ရွှေနှယ်ကြိုးကိစ္စကို ဒီမှာတင် ရပ်တော့၊ ကျွန်တော် စိတ်မဝင်စားဘူး၊ ကျွန်တော့်ရဲ့ ချစ်သူကိုလည်း ခေါ်လာပြီး ပြပြီနော်"

သူမရဲ့ ချစ်သူလို့ သုံးနှုန်းလိုက်သည့် အချိန်မှာ သူ့ရင်ထဲမှာ နူးညံ့မှုက တကယ်ဖြစ်ပေါ်သွားသည်။

တီကြီးတို့သုံးယောက်စလုံး သူမ နံဘေးမှာ ဝန်းရံလိုက်တာမြင်တော့ သူ နည်းနည်းလန့်သွားသည်။

အင်မတန်မှ စပ်စုတတ်သော တီကြီးတို့အကြောင်းကို သူ အသိဆုံးဖြစ်သည်။

"ရိုးရိုး ပြန်ကြရအောင်"

တီကြီးတို့အလယ်မှ သူမကို ဆွဲထုတ်လိုက်သည်။ သူ့ကို တီကြီးတို့ မကျေနပ်မှန်း သိနေတာမို့ တီကြီးတို့ဘက် လှည့်ပြီး တစ်ခါတည်း ပြောလိုက်သည်။

"ဘာလဲ ... တီကြီးတို့က ရှီးရှီးအကြောင်း မေးမ
မဟုတ်လား၊ ကျွန်တော် ပြန်လာတော့ အားလုံးပြောပြမယ်
ဟုတ်ပြီလား"

သူနှင့် ပတ်သက်ပြီး သူမကို နည်းနည်းလေး
အထိခိုက်မခံနိုင်။

ကားပေါ်ရောက်မှ သူမို 'ရှီးရှီး' လို့ ခေါ်မိသည့်
အတွက် တောင်းပန်ရဦးမည်။

ဘယ်တုန်းကမှ မစဉ်းစားမိဘဲ ရုတ်တရက် ထွက်
သွားသည့်အခေါ်အဝေါ်ကို သူကိုယ်တိုင်တောင် အံ့ဩနေမိသည်။

ကားပေါ် ရောက်ရောက်ချင်း သူမက အားရပါးရ
ရယ်သည်။ ပြီးတော့မှ ပြောသေးသည်။

"ဟိတ် ... ရှင်နဲ့ အဒေါ်သုံးယောက်က တကယ့်ကို ရယ်
စရာကြီး"





အင်း ... တီကြီးတို့သုံးယောက်သာ သိလျှင် သူမ
ကို အရေခွံခွာပစ်မလား မသိ။

"မိန္တယ် ... ပန်းရိုးဖြူရော အလုပ်မသွားဘူးလား"

မိန္တယ် တစ်ယောက်တည်း အိမ်ပေါ်က ဆင်းလာ

တော့ သူ့အတွက် ထူဆန်းနေသည်။

ခါတိုင်း ညီမလေးနဲ့ အတူတူ ဆင်းလာနေကျ

ပန်းရိုးဖြူ မပါတော့၊ ကားထုတ်သည့်အလုပ်ကို အလိုလို ရပ်မိ

လျက်သား ဖြစ်သွားသည်။

"အင်း ... ဟုတ်တယ် ကိုကို၊ မမက ခေါင်းမူးနေလို့တဲ့

ဒီနေ့ ခွင့်ယူမယ်ထင်တယ်"





သူ ချက်ချင်း စိုးရိမ်သွားသည်။

မိန္တယ်က ကားနောက်ခန်းတံခါးကို ဖွင့်ပြီး ဝင်ထိုင်

ဖို့ ဟန်ပြင်နေသည်။

သူမအတွက် စိုးရိမ်နေသည့်စိတ်က ညီမလေးကို

တောင် ဂရုမစိုက်ချင်တော့။

"မိန္တယ် ငါ့ကား သိပ်မကောင်းဘူး၊ ပြင်ရဦးမယ်၊ နင်

ကိုယ့်ဘာသာကိုယ် ဘတ်(စ်)နဲ့ပဲ သွားတော့"

မိန္တယ်က သူ့ကို မကျေမနပ်ဖြင့် မျက်စောင်းထိုး

သည်။

"ဟာ ... ကိုကိုကလည်း မမ မပါတာနဲ့ ညီမလေးကို

လိုက်မပို့ချင်တော့ဘူး"

သူ့ရဲ့ စိတ်ရင်းအမှန်ကိုတော့ ညီမလေးအား

မသိစေချင်။

"မဟုတ်ပါဘူး မိန္ဓယ်ရယ်၊ ပန်းရိုးဖြူပါလည်း နင်တို့နှစ်ယောက်စလုံးကို ဘတ်(စ်)ကားနဲ့ သွားခိုင်းမလို့၊ ငါ့ကားက တကယ့်ကို ပျက်နေတယ်"

ကားရှေ့စက်ဖုံးကို ဂျိန်းခနဲ ဖွင့်ပြီး ဟိုပြင်ဒီပြင် လုပ်နေစဉ်မှ ညီမလေး ယုံကြည်သွားသည်။

"ဒါဆိုလည်း ပြီးရော၊ ကိုယ့်ဘာသာကိုယ် သွားတော့မယ်"

ညီမလေး ခြေဆောင့်ထွက်သွားတော့မှ သူ ကျိတ်ပြီး ပြုံးမိသည်။

ညီမလေးရေ တစ်ခါတလေလည်း ကိုကိုရဲ့ လိမ္မာမှုကို ခွင့်လွှတ်ပါ။

ညီမလေးကို စိတ်ထဲမှ ကျိတ်ပြီး တောင်းပန်လိုက်သည်။





အိမ်ထဲရောက်တော့ ညှော့ခန်းရှိ ပက်လက်ကုလားထိုင်မှာ ခေါင်းလေးတင် မှေးနေသော သူမကို တွေ့တော့ သူ ပြုံးပြီး စိုးရိမ်သွားသည်။

"ပန်းရိုးဖြူ ခေါင်းမူးတာ ဘယ်လိုနေသေးလဲ၊ သက်သာလား"

"မူးနေတုန်းပဲ"

ဖျော့တော့လွန်းသော သူမ မျက်နှာအရောင်က စိုးရိမ်ချင်စရာဖြစ်သည်။

"သမီး ... ဆေးခန်းသွားလိုက်ပါလား"

မေမေ ဝင်ပြောတော့မှ သူ သတိရသည်။

"ဟုတ်တယ် ပန်းရိုးဖြူ၊ ဆေးခန်းသွားရအောင် ထ"

မထင်မှတ်ဘဲ သူမကို ဆွဲထူမိသွားသည်။

"နေပါစေ ရာဇဝင်၊ ကျွန်မ ခဏနားလိုက်ရင် ကောင်းသွားမှာပါ"

"မဟုတ်သေးဘူး၊ မင်း မျက်နှာက ပုံမှန် မဟုတ်ဘူး။ ထ,ထ စကားမရှည်နဲ့၊ ငါ့စကားနားထောင်"

သူ့ရဲ့ နဂိုပုံစံအတိုင်း အမိန့်ပေးသလို ပြောပြီးတော့မှ သူမကို အားနာသွားသည်။

သူမက မျက်ဝန်းကို ပြန်မှိတ်ပြီး ထပ်ပြီး ငြင်းဆိုလိုက်သည်။

"နေပါလေ့စေ၊ ကျွန်မ မသွားဘူး ကိုရာဇဝင်"

သူမကို ထပ်ပြီး ငြင်းဆန်ခွင့် မပေးချင်တော့၊ သူစိတ်တိုလှပြီ။

"ပန်းရိုးဖြူ ထ,လို့ ပြောနေတယ်နော်၊ မထ,ရင် ငါ ပွေ့ချီသွားမယ်"

သူမက မယုံနိုင်သလို မျက်ဝန်းအပွင့်မှာပင် သူမကို ဆတ်ခနဲ ပွေ့ချီလိုက်မိသည်။





"ဟဲ့သား ... ဘယ်လို လုပ်တာလဲ"

မေမေက လန့်ဖျပ်ပြီး လှမ်းအမေး သူ အားဆေးရှာပင် ဖြေလိုက်သည်။

"သူက သားစကားမှ နားမထောင်တာပဲ"

ကားတံခါးကို ဆွဲဖွင့်ပြီး အံ့အားသင့်စွာ စကားထစ်အ,နေသော သူမကို ပခုံးနှစ်ဖက် တွန့်ပြလိုက်သည်။

"မင်းသာ ငါ့စကားကို စောစောစီးစီး နားထောင်ရင် ဒီလိုဖြစ်မှာ မဟုတ်ဘူး"

သူ့ကို သူမ ဆေးခန်းရောက်သည်အထိ စကားတစ်ခွန်းမှ ထပ်မပြောတော့။

ဆေးခန်းရောက်တော့ ဆရာဝန်က စမ်းသပ်ပြီး ...

"အရမ်းအားနည်းတယ်၊ အားဆေး စွဲသောက်ရမယ်"

သူမအတွက် လိုအပ်မည့် အားဆေးများကို တွန့်တိုစိတ် ကင်းစွာနှင့် သူ ဝယ်ခဲ့သည်။

"မင်း ပင်ပန်းရင်လည်း အလုပ်ထွက်ပြီး အိမ်မှာပဲ အမေ နဲ့ အတူနေပါလား"

သူမ ပင်ပန်းရှာမှာပဲဆိုပြီး စာနာစိတ်အတွေးနှင့် သူမကို အလုပ်မလုပ်ခိုင်းချင်တော့။

"အမယ်လေး ... မလုပ်ပါနဲ့ ရာဇဝင်ရယ်၊ တော်ကြာ အလကား စားတယ်ဆိုပြီ. အိမ်ပေါ်က ကန်ချတာခံနေရ ပါဦးမယ်"

ဒီတစ်ခေါက် တိတ်ဆိတ်သွားသူက သူဖြစ်သည်။ စိတ်တိုပြီး သူမကို ဘာမှ ထပ်မပြောဖြစ်တော့ ... သူမကို အသာလှည့်ကြည့်တော့ ကားကူရှင်နောက် ကို မှီပြီး မှေးနေသည်။

သူ သက်ပြင်း အသာချလိုက်သည်။





ည တစ်ရေးနိုးတော့ ညည်းသံသဲ့သဲ့ကို သူ ကြား သည်။

ဘာသံလဲ ...

အသံသည် မေမေ့အခန်းဘက်မှ လာနေသော အသံ ဖြစ်၍ သူ စိုးရိမ်ကာ အခန်းရှေ့ကို သွားရပ်မိသည်။

"အား ... ကျွတ် ... ကျွတ် ... နာလိုက်တာ"

မေမေ့အသံ ဖြစ်နေသည်။

"အမေ ဘာဖြစ်တာလဲ"

သူ ကမန်းကတန်း မီးကို ဖွင့်ကာ ချွေးများနှင့် လူးလိမ့်နေသော မေမေ့ကို တွေ့ရသည်။

"အမေ ... အမေ ... ဘာဖြစ်လဲ"

"ဗိုက် အရမ်းနာတယ်"

ရှုံ့မဲ့နာကျင်နေသော မေမေ့ မျက်နှာကြောင့် ဝေဒနာ မသေးမှန်း သူ သိသည်။

"မီနွယ် ... ပန်းရီးဖြူ ... ထ ... ထ ... အမေ ဘာဖြစ်လဲ မသိဘူး"

တကယ် အအိပ်ပုပ်သည့် ကောင်မလေးတွေ ဖြစ်သည်။ အိမ်မီးလောင်တာတောင် နိုးမည်မထင်။

သူ ဝုန်းခနဲထ၊ မီးဖွင့်တွေဖွင့်၊ အိမ်ရှေ့တံခါးကို ဝုန်းခနဲ ဖွင့်တော့ နှစ်ယောက်သား အပေါ်ထပ်က ပြေးဆင်းလာသည်။





"ကိုကို ဘာဖြစ်လို့လဲ"

"အမေ ဘာဖြစ်လဲ မသိဘူး၊ ငါ ကားထုတ်လိုက်ဦးမယ်၊ နင် အိမ်သော့ကို ရှာပြီး သော့ခတ်ဖို့လုပ်"

မေမေ့ကို ခေါ်ပြီး အနီးစပ်ဆုံးပုဂ္ဂလိကဆေးရုံတစ်ခုမှာ တင်လိုက်သည်။

"အူအတက်ပေါက်တာ၊ ချက်ချင်း ခွဲရမယ်"

မေမေ့ကို ခွဲစိတ်ခန်းထဲ ခေါ်သွားကြသည်။

အပြင်မှာ သူရယ်၊ ညီမလေးရယ်၊ ပန်းရီးဖြူရယ် အားလုံး မျက်စိမျက်နှာပျက်စွာ ငုတ်တုတ် ထိုင်စောင့်နေမိသည်။

တစ်ယောက်နဲ့ တစ်ယောက် စကားပြောဖို့တောင် သတိမရ ...

မေမေ့ကို ဘာမှ မဖြစ်စေချင် ...

သူ စိုးရိမ်ပြီး ဘုရားစာတွေကို ကပေါက်တီကပေါက်ချာ ရွတ်နေမိသည်။

မေမေ့ကို ခွဲစိတ်ခန်းထဲက ပြန်ခေါ်ထုတ်လာမှ သူ သက်ပြင်းချနိုင်သည်။

"ဘာမှ စိုးရိမ်စရာမရှိတော့ဘူး၊ သက်သာသွားပြီ၊ ခဏနေရင် လူနာသတိရလာလိမ့်မယ်၊ ဘာမှ ကျွေးလို့မရသေးဘူးနော်"

ဆရာဝန် စကားကြားတော့မှ ညီမလေး မျက်နှာကြည်ရွှင်လာသည်။ ပန်းရိုးဖြူ မျက်နှာလည်း ပြုံးယောင်သမ်းလာသည်။

မေမေ့ကို ဆေးရုံမှာ ရက်အနည်းငယ် တင်လိုက်ရသေးသည်။

အဲဒီအကျိုးက အိမ်အတွက် အပြီးသတ်ချေမည့်ငွေများ လျော့ပါးသွားခြင်းပင်ဖြစ်သည်။





မေမေ့ ကျန်းမာရေးကိုတော့ သူ ဘာနဲ့မှ မလဲနိုင်။

ရှေ့တစ်ပတ်မှာ အပြီးချေရမည့် ငွေအကြောင်းစဉ်းစားမိတော့ သူ စိတ်ညစ်လာသည်။

အရင်တုန်းက ညီမလေးနှင့် မေမေ့ကို ကိုယ်ပိုင်အိမ်လေးနှင့် ထားချင်သည်မှာ သူ့ဆန္ဒဖြစ်သည်။

အခုတော့ ပန်းရိုးဖြူပါ ပါလာပြီ။

သူမကိုလည်း သူက စေတနာ အပြည့်ရှိသည်။

အခုရက်ပိုင်းအတွင်း နေ့ရောညပါ သူ အလုပ်ကြိုးစားလုပ်တာတောင် ငွေက မပြည့်။

သူ စိတ်လျှော့လိုက်ပြီ။

အိမ်အတွက် ပေးထားသည့် စရံတွေအားလုံးကို သူ အဆုံးခံရတော့မည်။

"ကိုကို သန်ဘက်ခါကျရင် အိမ်ဖိုးငွေ ချေရမယ်နော်"

အိမ်နဲ့ပတ်သက်ပြီး အများကြီး မျှော်လင့်ယားသည့် ညီမလေးကို သူ ချက်ချင်း မပြောရက်။

ညီမလေးနဲ့ မေမေတို့ရဲ့ မျှော်လင့်ချက် သူ မဖျက်ဆီးပစ်ချင်။

သူ အသာသက်ပြင်းရှိုက်ရင်း ပြောလိုက်သည်။

"ညီမလေး ကိုကို့မှာ ငွေမပြည့်တော့ဘူး၊ နောက်တော့မှ ဂပ်ဝယ်တာပေါ့နော်"

ညီမလေးအသံက တိတ်ဆိတ်သွားသည်။ ညီမလေး နံဘေးမှာ ထိုင်ပြီး စာအုပ်ဖတ်နေသော ပန်းရိုးဖြူက ခေါင်းထောင်လာသည်။

"ဒါဆိုရင် စရံတွေ အဆုံးခံရတော့မှာပေါ့ ကိုကို"

"ဘယ်တတ်နိုင်မလဲ"

ညီမလေး သက်ပြင်းခိုးချသံကို သူမ ကြားနေရသည်။





" ပိုက်ဆံက ဘယ်လောက် လိုတာလဲ"

"လေးငါးသိန်းလောက်ပေါ့"

ပန်းရိုးဖြူက ဝုန်းခနဲ ထရပ်လိုက်သည်။

"ရာဇဝင် ကျွန်မ အရေးတကြီး သွားစရာရှိလို့ လိုက်ပို့ပေးပါလား"

နာရီကို ကြည့်တော့ ဆယ့်တစ်နာရီခွဲ ...

တစ်ခါမှ မသွားဖူးတာမို့ သူမ အမူအရာက ထူးဆန်းနေပါသည်။

"ကျွန်မ သူငယ်ချင်း ပြန်ရောက်နေတယ် ကြားလို့ပါ၊ လိုက်ပို့ပေးပါနော်"

"နောက်နေ့မှ သွားပါလား"

ဒီအချိန်ဆိုတော့ သူများကို အနှောင့်အယှက်ပေးမိမှာ သူ စိုးရိမ်သည်။

"သူက နက်ဖြန်ပြန်ရင်ပြန်မှာ၊ ဒါကြောင့်မို့ပါ"

သူမ မျက်ဝန်းတွေက သူ့ကို အနူးအညွတ် တောင်းပန်နေပုံမို့ သူ မလွန်ဆန်နိုင်။

"ကဲ … ကဲ … ဒါဆိုလည်း ပြီးရော၊ သိပ်ပြီးလေမရှည်နေနဲ့နော်၊ မိုးတော်တော်ချုပ်နေပြီ"

"အင်းပါ"

သူမ ပြောသောနေရာကို သူ မောင်းပို့ပေးသည်။

တစ်ဖက်တစ်ချက်၌ရှိသော ခြံဝန်းကျယ်ကြီးများနှင့် တိုက်များက ချမ်းသာသောသူများ နေထိုင်သော အဆင့်အတန်းကို ဖော်ပြနေသည်။

"ရပြီ ရာဇဝင်၊ ရှေ့နားမှာရပ်"

ထောင့်ကျသော ခြံဝန်းကျယ်ရဲ့ နံဘေးမှာ သူမ ပြောသည့်အတိုင်း ရပ်ပေးလိုက်သည်။





"ရာဇဝင် … ကျွန်မနဲ့ ခဏလေးလိုက်ခဲ့"

သူမက ခြံနောက်ဘက်ရှိ ခွေးတိုးပေါက်ကို တိုးဝင်လိုက်တော့ သူ မျက်လုံးပြူးသွားသည်။

"ပန်းရိုးဖြူ … မင်း ဘယ်က ဝင်နေတာလဲ"

"ရှူး … ဒီမှာ … ရှင် အခုချိန်ကစပြီး ပါးစပ်ပိတ်ထားလိုက်ရင် အကောင်းဆုံးပဲ"

ဒုက္ခပါပဲ၊ ပန်းရိုးဖြူတစ်ယောက် ဘာတွေ လုပ်နေပြန်ပြီလဲ …

သူမ ပြောသလို လောလောဆယ် ပါးစပ်ပိတ်နေလိုက်သည်။

သူမက ခြေသံလုံလုံနှင့် အိမ်နောက်ဘက်တံခါးနားတိုးကပ်သွားသည်။

ပြီးတော့ လွတ်နေသော အပေါက်သေးသေးလေးထဲ သူမလက်ကို ထိုးထည့်လိုက်ရာ တံခါးက အသာလေးပွင့်သွားသည်။

"ပန်းရိုးဖြူ"

သူ ထိတ်လန့်စွာ ထွက်သွားသည်။

"ရှူး ... ရှင့်ကို တိတ်တိတ်နေလို့ ပြောထားတယ် မဟုတ်လား"

သူ ချက်ချင်း တိတ်သွားသည်။

"ကျွန်မနောက်က ဖြည်းဖြည်းလိုက်ခဲ့"

အခုမှတော့ သူမ စကား နားထောင်ရုံသာ ရှိတော့သည်။

သူမက အပေါ်တက်သည့် လှေကားလေးအတိုင်း ဖြည်းညင်းစွာ တက်သွားသည်။





သူကလည်း သူမ နောက်မှ အသာလိုက်တက်သွားသည်။

အိမ်တစ်ခုလုံးက မည်းမှောင်နေသည်။

သို့သော် သူမက ကျင့်သားရနေသည့်အလား အမှောင်ထဲမှာ ကျွမ်းကျွမ်းကျင်ကျင် သွားလာနေသည်။

သူမ သွားမည့်သူငယ်ချင်းအိမ်ဆိုတာ ဒါကို ပြောတာလား ...

မဖြစ်နိုင် ...

သူငယ်ချင်းအိမ်ကိုတော့ ဒီနည်းနှင့် မသွားနိုင်။

သူမ အနောက်ကသာ လိုက်နေရသည်။ ရင်ထဲက တထိတ်ထိတ် ခုန်နေသည်။

သူမက အခန်းတစ်ခုထဲဝင်ပြီး ရပ်လိုက်သည်။ ပြီးတော့ လက်နှိပ်ဓာတ်မီးအသေးလေးကို ထုတ်ပြီး မီးခံသေတ္တာတစ်ခုကို ဖွင့်နေသည်။

သူမကတော့ ဘယ်လိုနေမလဲ မသိ။

သူကတော့ ခြေဖျားလက်ဖျားတွေ အေးစက်လာသည်။

သူမက ပွင့်သွားသော မီးခံသေတ္တာထဲမှ ပိုက်ဆံအထုပ်တချို့ကို ဆွဲယူကာ ပြန်ပိတ်လိုက်သည်။

သူ တုတ်တုတ်တောင် မလှုပ်ဝံ့ ...

လောလောဆယ် သူသိသည်က သူနှင့် သူမသည် အိမ်တစ်ခု၌ ဖောက်ထွင်းမှု ကျူးလွန်နေကြခြင်းပင်ဖြစ်သည်။

"သွားစို့"

သူမက လေသံနှင့် သူ့ကို လှမ်းပြောပြီး ခြေသံလုံလုံနှင့် ပြေးဆင်းသွားသည်။

ကားပေါ် ပြန်ရောက်သည်အထိ သူ ရင်တုန်မပြေသေး။

စေတနာစာပေ



သူမက ပိုက်ဆံထုပ်ကို ကားဒက်(ချ်)ဘုတ်ပေါ် ပစ်တင်ပြီး အားရပါးရ ရယ်နေသည်။

"ပန်းရိုးဖြူ ... မင်း ဘာလုပ်တာလဲ၊ ဒါ ဘယ်သူ့အိမ်လဲ"

"အလား ... ကျွန်မအိမ်လေ၊ ပျော်စရာကြီး၊ အဲဒီလို စွန့်စားရတာ ကျွန်မ ပျော်တယ်"

သူ ကားဘရိတ်ကို ယောင်ရမ်းပြီး နင်းမိသွားသည်။

သူမ အိမ်တဲ့။ သူ တစ်ခါမှ မစဉ်းစားဖူးသော အကြောင်းဖြစ်သည်။

သူမမှ အိမ်ရှိတယ်ဆိုတော့ တစ်နေ့နေ့မှာ သူမ အိမ် သူမ ပြန်သွားမှာပေါ့။

"ရှင် လိုနေတဲ့ ပိုက်ဆံ ကျွန်မ ချေးမယ်"

သူမရဲ့ ရည်ရွယ်ချက်ကို သိသွားတာမို့ သူ စိတ်ထိခိုက်သွားသည်။

စေတနာစာပေ

သူတို့တစ်အိမ်လုံးရဲ့ ဆန္ဒကို သူမက ဖြည့်ဆည်းပေးချင်ပုံ ပေါ်သည်။

သို့သော်လည်း သူ လက်မခံနိုင်ပါ။

"ဆောရီးပဲ ပန်းရိုးဖြူ၊ ကိုယ် လက်မခံနိုင်ဘူး"

"ရှင် ကျွန်မ စေတနာကို မစော်ကားနဲ့၊ ကျွန်မ ရှင်တို့အတွက် သက်သက်လုပ်ပေးတာ"

သူမ စိတ်ဆိုးသွားသော်လည်း သူ မတတ်နိုင်၊ သူ့ရဲ့ ယောကျ်ားမာနက ဘာမှ အလကားမလိုချင်။

"ဆောရီး ပန်းရိုးဖြူ"

သူ ယတိပြတ် ငြင်းဆိုလိုက်သည်။

သူ့ရဲ့ စိတ်ထားကို သဘောပေါက်သွားပုံနှင့် သူမ ခဏငြိမ်သက်သွားသည်။

ပြီးမှ ခပ်တိုးတိုးပြောသည်။





"ကျွန်မ အတိုးယူမှာပါ၊ ကျွန်မဆီက အတိုးနဲ့ ချေးတယ်လို့ သဘောထား၊ ဟုတ်ပြီလား"

သူမရဲ့ စေတနာကို သူ အယဉ်ကျေးဆုံးနည်းနှင့် ငြင်းဆန်ရန် စဉ်းစားလိုက်မိသည်။

သူမလည်း ကျေနပ်အောင်ပေါ့။

"ဒါမှ ရှင်လက်မခံရင်တော့ ကျွန်မ မနက်ဖြန် ပြန်တော့မယ်"

သူ တုန်လှုပ်သွားသည်။

ဒီစကားကိုတော့ သူ လက်မခံနိုင်။

ဒါက သူ အကြောက်ဆုံးအရာ ဖြစ်နေသည်။

"ကောင်းပြီလေ ... ကိုယ် လက်ခံပါ့မယ်"

"ဟေး"

သူမက ပျော်ရွှင်စွာ ဟစ်ကြွေးလိုက်သည်။

အငြိမ်မနေသော သူမကို သူ ရှက်ရှက်နှင့် အော်ပစ်လိုက်သည်။

"ပန်းရိုးဖြူ ငြိမ်ငြိမ်နေစမ်းပါ၊ ဒီမှာ ကားမောင်းနေတယ်၊ မင်း လုပ်တာနဲ့ နှစ်ယောက်စလုံး မသာပေါ်တော့မယ်"





"မသွားလို့ မဖြစ်ဘူးလား"

သူက အခန်းဝက ထိုင်ခုံတစ်ခုမှာ ထိုင်ပြီး အခန်းထဲရှိ မှန်မှန်နှင့် ပန်းရိုးဖြူကို လှမ်းမေးနေမိသည်။

ဒီလိုပွဲမျိုးကို မသွားစေချင်တာက သူ့ဆန္ဒအမှန်ဖြစ်သည်။

"ဘာ ... ကိုကိုကလည်း၊ ဘော့စ်က Staff တွေအားလုံး ဖိတ်ထားတာ၊ မသွားလို့ ဘယ်ဖြစ်မလဲ"

အမှန်တကယ် သူ မေးနေသည်က ပန်းရိုးဖြူကို ရည်ရွယ်၍ ဖြစ်သည်။

သို့သော် ညီမလေးဆီက အဖြေစကားချည်း ကြားနေရသည်။

ပန်းရိုးဖြူ အသံက တိတ်ဆိတ် ပျောက်ကွယ်နေသည်။

သူ စိတ်တိုချင်လာပြီ။

"နင်တို့နှစ်ယောက် မပါလို့လည်း ဒီပွဲက ပျက်မသွားပါဘူး နော်"

သူက ငေါ့တော့တော့ပြောသလို ညီမလေးကလည်း မကျေမနပ် ပွစိပွစိ ပြန်ပြောသည်။

"အဲဒီကိုကိုကလည်း ဘာဖြစ်နေမှန်း မသိဘူး၊ သူများတွေ သွားကာနီး လာကာနီး ဘာတွေ ပြောနေမှန်း မသိဘူး"





ဒီနေ့ ကားစောစော သိမ်းလာတာကိုက သူ့အမှား ဖြစ်သည်။

"တားလို့မရလည်း သွားကြပေါ့ ... မပြောတော့ဘူး"

သူ စိတ်တိုတိုနှင့် ဝုန်းကနဲ ထ,ရပ်ပြီး ဧည့်ခန်းမှာ ထိုင်ကာ စာအုပ်တစ်အုပ် ထိုင်ဖတ်နေလိုက်သည်။

ခဏနေတော့ ညီမလေးနှင့် ပန်းရိုးဖြူ ထွက်လာသည့် ခြေသံကို ကြားနေရသည်။ သူ မော့မကြည့်။

"ကိုကို သွားတော့မယ်နော်"

"ရာဇဝင် သွားပြီ"

နှုတ်ဆက်သံနှစ်ခုကို ဥပေက္ခာပြုလိုက်သည်။

ဘာမှ ပြန်မပြောဘဲ စာအုပ်သာ မဲဖတ်နေလိုက်သည်။

ဘော့စ်ဆိုသည့်လူရဲ့ မျက်နှာကို မြင်ယောင်မိတော့ သူ့စိတ်ထဲ တော်တော်လေး ခံရခက်သွားသည်။

ကြည့်လိုက်သည်နှင့် နူးနူးညံ့ညံ့နှင့် သန့်ပြန့်ကာ ကြည့်ကောင်းသော မျက်နှာထား ပိုင်ဆိုင်သည့် ယောကျ်ားတစ်ယောက်။

တော်ကြာ ပန်းရိုးဖြူကို အိမ်လာပို့ပေးရတာနှင့် လမ်းကြုံလို့ဆိုပြီး ဝင်လာတာနှင့် သူ မျက်စိရှုပ်လှသည်။

"ဘော့စ်က မမကို စိတ်ဝင်စားနေတာ ကိုကိုရဲ့"

ညီမလေးရဲ့ သတင်းစကားတစ်ခွန်းနဲ့တင် သူ့ရင်ထဲ ပူလောင်နေပြီဖြစ်သည်။

ပန်းရိုးဖြူကို ချစ်နေမိပြီ ဆိုတာ ကိုယ့်ကိုယ်ကိုယ် သိရှိလိုက်ချိန်မှာပဲ သူမကို အစစအရာရာ အရှုံးပေးပြီးသားဖြစ်နေသည်။

သူ့အရိပ်မှာ ခေတ္တလာခိုသည့် သူမကို ဖွင့်ပြောဖို့ အထိတော့ သူ မမိုက်မဲသေး။





ဟိုး အဝေးကြီး တစ်နေ့ဆိုတာ မနက်ဖြန်လည်း ဖြစ်နိုင်သည်။

တစ်နေ့နေ့မှာ သူမ ပြန်သွားနိုင်တာပဲ။

ပေါ့ပါးသော ခြေသံတစ်စုံ အိမ်ပေါ်တက်လာသံကို ကြားရသည်။

သူ မော့ကြည့်လိုက်တော့ ပန်းရိုးဖြူ ဖြစ်နေသည်။

"ပန်းရိုးဖြူ ... နင် မသွားဘူးလား"

သူမ အိမ်က ပိုက်ဆံခိုးလာပြီး နောက်ပိုင်းမှာ သူနှင့် သူမရဲ့ ရင်းနှီးမှုက ပိုပြီးခိုင်မြဲလာသည်။

ရှင်တွေ၊ ကျွန်မတွေ၊ မင်းတွေ၊ ကျုပ်တွေ ဆိုသော အသုံးအနှုန်း မရှိတော့။

ဘာမှ ခြားနားမှုမရှိသော နင်နဲ့ငါ ဖြစ်လာသည်။

"မသွားဖြစ်တော့ဘူး"

ဖြူလွသော အဖြူရောင်ဝတ်စုံနှင့် သူမကို လှလှပပ တွေ့ရတော့ သူ ရင်တွေ ခုန်လာသည်။

ခုနတုန်းက သူမ ထွက်သွားချိန်မှာ သူ မော့မကြည့်ခဲ့မိ။

"ဘာဖြစ်လို့လဲ"

သူမ မျက်ဝန်းအကြည့်က သူ့ဆီ တိုက်ရိုက်ရောက်ရှိလာသည်။

"နင် မကြိုက်ဘူး မဟုတ်လား"

သူမ အပေါ်ထားသည့် ဆန္ဒတချို့ကို ရိပ်မိသွားမှာ သူ လန့်ဖျပ်သွားပြီး ငြင်းဆိုလိုက်သည်။

"ငါ မကြိုက်ဘူးလို့ မပြောပါဘူးနော်"

"ငါ သိပါတယ်"

"ဘာသိတာလဲ"





သူမ မျက်ဝန်းတွေထံမှ အကြည့်တွေကို အတင်းလွှဲဖယ်လိုက်သည်။

ကြာလျှင် သူ့မျက်ဝန်းထဲက သူမနှင့် ပတ်သက်သည့် အရိပ်အယောင်တချို့ကို သူမ တွေ့ရှိသွားနိုင်သည်။

"ကဲ ... ကဲ ... မသွားဘူးဆိုလည်း အဝတ်အစားလဲ၊ အမေနဲ့ တီဗီကြည့်ရင်ကြည့်၊ မကြည့်ရင် သွားအိပ်တော့၊ ငါ ညီမလေးကို စောင့်လိုက်မယ်"

စကားလမ်းကြောင်းကို အတင်းဖယ်ပြီး သူမကို နှင်ထုတ်လိုက်သည်။

ကြာလျှင် ခက်မည့်အခြေအနေမျိုးကို သူ မလိုချင်။

သူမ အပေါ်ထပ် တက်သွားတော့ သူလည်းအိမ်တံခါးဖွင့်ပြီး အိမ်ရှေ့က ထိုင်ခုံလေးမှာ ထွက်ထိုင်နေလိုက်သည်။

ရင်ထဲမှာ အတွေးများစွာနှင့် ပြည့်နှက်နေသည်။ ထိုအတွေးအားလုံးသည် သူမနှင့် ပတ်သက်သော အတွေးများသာ ဖြစ်နေသည်။





(၆) ရပ်ကွက်၊ ကမာရွတ်

“ဒီမှာ နင့်ပိုက်ဆံ၊ ငါ ပြန်ဆပ်နိုင်ပြီ၊ ကျေးဇူးတင်ပါတယ်”

သူမ အရှေ့ဘက်သို့ ပိုက်ဆံငါးထုပ်ကို အသာတွန်းပို့လိုက်သည်။

မျက်ဝန်းတစ်ခုလုံးကို ကျိန်းစပ်ကာ အိပ်ချင်စိတ်က အရမ်းကြီးစိုးနေသည်။

“နင် တစ်နေ့လုံး တစ်ညလုံး မနားဘဲ ပိုက်ဆံရှာနေတာ ငါ့ကို ပြန်ဆပ်ဖို့လား”

“ငါ့တစ်သက်မှာ ဘယ်သူ့ဆီကမှ ပိုက်ဆံမချေးဖူးဘူး”

သူမဆီက ပထမဆုံး ယူမိသော ငွေကြောင့် သူ စိတ်အနှောင့်အယှက်ဖြစ်တာ အမှန်ပင်ဖြစ်၏။

သူမရဲ့ ငွေကြောင့် အိမ်ကိစ္စ ပြေလည်သွားသည့်အတွက် သူမကို ကျေးဇူးတင်ပါသည်။

သို့သော်လည်း ဒီငွေကြောင့် သူ ဝန်ထုပ်ဝန်ပိုးတစ်ခု တင်ထားသလို အမြဲ ခံစားနေရသည်။

"နင့်ရုပ်ကို နင် ပြန်ကြည့်ဦး၊ ဘာရုပ်ထွက်နေပြီလဲ ဆိုတာ"

သူမက ကရုဏာဒေါသဖြင့် သူ့ကို အော်ပြောသည်။

သူမ မျက်ဝန်းက မျက်ရည်စတချို့ကို တွေ့တော့ သူ စိတ်မကောင်းဖြစ်သွားသည်။

"ဆောရီးပဲကွာ၊ အကြွေးရှိရင် ငါ မနေတတ်လို့"

"ဒီပိုက်ဆံတွေကြောင့်ပေါ့ ဟုတ်လား၊ ဒီပိုက်ဆံတွေကြောင့် နင့်ရုပ်ကိုနင် ဂရုမစိုက်ဘဲ ရှာခဲ့တာပေါ့"





သူမ ပစ်ပေါက်လိုက်သည့် ပိုက်ဆံထုပ်တချို့က သူ့ခြေရင်းမှာ လာကျသည်။

"ပန်းရိုးဖြူ ... ဒီပိုက်ဆံက ငါ ပင်ပင်ပန်းပန်း ရှာလာတဲ့ ပိုက်ဆံ သိလား၊ သူများ မီးခံသေတ္တာထဲက အလွယ်တကူ နှိုက်လာတာမဟုတ်ဘူး"

သူ အပန်းတကြီး ရှာထားသည့် ငွေတွေကို ဒီလို လုပ်တာတော့ သူ မကြိုက်။

သူမက အထိနာသွားပုံနှင့် သူ့ကို စူးစူးစိုက်စိုက် ကြည့်သည်။

"ငါလုပ်တာ နင့်အတွက်ပဲ"

တိုးတိတ်သော သူမစကားက သူ့ကို ချက်ချင်း နောင်တရစေသည်။

ဟုတ်သားပဲ ... သူမ လုပ်ခဲ့တာ သူ့အတွက်ဖြစ်သည်။

သူမ အတွက် ဘာမှ မပါ။

"ဆောရီးဟာ"

ကုလားထိုင်တစ်ခုမှာ သူ ဝင်ထိုင်လိုက်သည်။ တစ်ကိုယ်လုံး ညောင်းညာနေသည့်ဒဏ်က သူ့ကို နှိပ်စက်နေသည်။

"ဒါပေမဲ့ နင် အဲဒီလို ပိန်သွားတဲ့အထိ လုပ်တာကို ငါ မကြိုက်ဘူး"

သူများတွေက 'ဟော့ကောင် ပိန်လှချည်လား' ပြောစဉ်က သူ ဘာမှ မဖြစ်။ အခု သူမပြောမှ ကိုယ့်ကိုယ်ကိုယ် သနားရမလို ဖြစ်နေသည်။

ဘာပဲပြောပြော သူမရဲ့ စေတနာက သူ့ရင်ထဲကို စီးဝင်သွားသည်။

သူမ မျက်ဝန်းမှ မျက်ရည်စတချို့က သူ့စိတ်ကို မထိန်းချုပ်မိခင်မှာပင် လှမ်းသုတ်မိရက်သား ဖြစ်နေသည်။





"သူများခြံထဲကို ပိုက်နက်ကျူးလွန်မှုရော ဖောက်ထွင်းခိုးယူမှုပါ ကျူးလွန်ရမှာ၊ အဲဒီလို စွန့်စားမှုမျိုးကို ငါ ကြောက်တယ်"

သူမ ခွက်တိုးခွက်လန်ရယ်တော့ သူက မျက်မှောင်ကုတ်ပြီး ဘုတောသေးသည်။

"ဘာရယ်တာလဲ"

သူ့မှာ ဘာအန္တရာယ်မှ မရှိကြောင်း သူမ ညင်သာ ဖျောင်းဖျနိုင်ဖို့တော့ လိုမည်ထင်သည်။

"ရာဇဝင် ... နင့်မှာ ဘာအန္တရာယ်မှ မရှိပါဘူး၊ စိတ်ချ၊ အကယ်၍ မိသွားရင်တောင် နင် ငါ့ကို ထားပြီးထွက်ပြေး"

"ငါ ဘယ်တော့မှ အဲဒီလို မလုပ်ဘူး"

သူမကို အမြဲတမ်း အကာအကွယ် ပေးချင်သည့် စိတ်ကို လှမ်းမြင်ရ၍ သူမ ပျော်ရွှင်သွားသည်။

"နင် ဘယ်တော့မှ အဲဒီလို မလုပ်ရဘူး ရာဇဝင်၊ ငါ့ကို မိသွားတာ အရေးမကြီးဘူး၊ သူတို့က ငါ့မိဘတွေ၊ ငါ့ကို ဘာမှ မလုပ်နိုင်ဘူး သိလား"

ခေါင်းမာသော သူ့ကို ဖျောင်းဖျ နားဝင်အောင် ပြောရသည်မှာ အတော်လက်ပေါက်ကတ်လှသည်။

သူရော သူမပါ တစ်ယောက်ကိုတစ်ယောက် လုံးဝ အထိအခိုက် မခံချင်သည့် စိတ်ရင်းအမှန်ကိုတော့ အတတ်နိုင်ဆုံး ရင်ထဲမှာ သိမ်းဆည်းထားကြသည်။

အပေါ်ယံပြောနေသည့် စကားတချို့က တစ်ယောက်ကိုတစ်ယောက် အနိုင်ယူဖို့သာ ဦးတည်နေကြသည်။

"ဘယ်အချိန် သွားမှာလဲ"

"ဟိုတစ်ခေါက် သွားတဲ့အချိန်ပဲ"

သူ ပခုံးတွန့်ပြီး သက်ပြင်းချလိုက်မိတာကို တွေ့တော့ သူမ ကျိတ်ပြုံးလိုက်သည်။





ဒီလိုကိစ္စမျိုးမှာ သူ့ အဖြစ်မရှိတာက သူမအတွက် ပျော်စရာ ဖြစ်နေသည်။

ခါတိုင်းလိုပင် ခွေးတိုးပေါက်မှတစ်ဆင့် သူမတို့ ဝင်ခဲ့ကြသည်။

ကျင့်သားရနေပြီမို့ သူမအတွက်က လွန်စွာ လွယ်ကူလွန်းသည်။

သူမ အိမ်ဖြစ်သည့်အတွက် ဘယ်နေရာမှာ ဘာရှိသည်ဆိုတာ သူမ အသိဆုံးပင်ဖြစ်သည်။

သူမ မီးခံသေတ္တာကို ဖြည်းညင်းစွာ ဖွင့်လိုက်သည်။

မီးခံသေတ္တာအပွင့်တွင် ဒေါက်ခနဲ မီးခလုတ်ဖွင့်သံနှင့် တစ်ခန်းလုံး လင်းထိန်သွားသည်။

"ဟာ"

သူ ယောင်ရမ်းပြီး အော်လိုက်သံကို သူမ ကြားရသည်။

ဒယ်ဒီ ... ဒယ်ဒီက အရာရာကို သိနေပုံနှင့် သူမကို လှမ်းပြောသည်။

"သမီး ပြန်လာမယ်ဆိုတာ ဒယ်ဒီ ထင်သားပဲ"

ဒယ်ဒီ့ အတွေး မှန်သည် မမှန်သည်ဆိုတာ သူမ ဂရုပင် မစိုက်နိုင်။

လောလောဆယ် သူမ စိတ်ပူသည်က ကြောင်ပြီး ရပ်နေသော ရာဇဝင်ကိုဖြစ်သည်။

ဒယ်ဒီ့နောက်မှာ ရပ်နေသည့် နှစ်ယောက်ဟာ ဒယ်ဒီ့ရဲ့ အပေါင်းတော်မြဲနှစ်ယောက် ဖြစ်သည်။

ဒယ်ဒီ့အပေါ် သစ္စာရှိကြသည်မှာ ဒယ်ဒီက သေဆိုလျှင်တောင် ငြင်းဆန်မည် မဟုတ်ကြ။

"ရာဇဝင် ပြေးတော့"

သူမ ရာဇဝင်နားကပ်ပြီး ပြောလိုက်သည်။

ရာဇဝင်က မရွေ့။





သူမကို စိုးရိမ်ပူပန်ကြီးစွာ ကြည့်နေသည်။

"ဟော့ကောင်တွေ ဖမ်းလိုက်ကြ"

ဒယ်ဒီ့လူနှစ်ယောက်က သူမတို့နား တိုးကပ်လာသည်။

"ရာဇဝင် သွားတော့လို့ ပြောနေတယ်လေ"

သူက ခေါင်းကို ယမ်းပြီး ပြောသည်။

"ငါ မသွားဘူး"

အို ... သူ့ရဲ့ ခေါင်းမာမှုက သူမအတွက် စိတ်ပူပန်စရာပြစ်သည်။

သူ့ကို ဖမ်းမိသွားမှာ သူမ အရမ်းစိုးရိမ်သည်။

ရာဇဝင်က သူများဆိက ပိုက်ဆံချေးရမှာတောင် ရှက်သည့်လူစားမျိုးဖြစ်သည်။

သူ့မျက်နှာကို သူမ ခပ်တင်းတင်း စိုက်ကြည့်ပြီး တစ်လုံးချင်း ပြောချလိုက်သည်။

"နင် အခုထွက်မသွားရင် နင့်ဆီကို ငါ ဘယ်တော့မှ ပြန်မလာတော့ဘူး သိလား"

သူ သူမကို တစ်ချက်ကြည့်ပြီး လှစ်ခနဲ ထွက်ပြေးသွားသည်။

ထိုအကြည့်တစ်ချက်လေးမှာပဲ သူမအတွက် ...

စိုးရိမ်ပူပန်မှုတွေ ...

သံယောဇဉ်တွေ ...

မထားခဲ့ရက်တာတွေ အားလုံး သူမ တွေ့လိုက်ရသည်။

"ဟော့ကောင်တွေ လိုက်ဖမ်း"

ဒယ်ဒီ့အမိန့်သံအဆုံးမှာ ဒယ်ဒီ့လူနှစ်ယောက်က သူမ နံဘေးမှ ဖြတ်ကျော်ပြီး သူ့ကို လိုက်ဖမ်းရန် ဟန်ပြင်လိုက်ကြသည်။





သူမ အသံလေး ခြေထိုးခံလိုက်တော့ နှစ်ယောက်စလုံး လေ့ကားမှတစ်ဆင့် ဒလိမ့်ခေါက်ကွေး လိမ့်ကျသွားကြသည်။

ဒီအချိန်လောက်ဆို ရာဇဝင် သူ့ကားဆီ ရောက်လာပြီ။

"ဒယ်ဒီ ... သမီးက ပိုက်ဆံပြန်လာပေးတာ"

သူမက လက်ထဲမှ ငွေထုပ်ကို မီးခံသေတ္တာထဲ လှမ်းထည့်လိုက်ပြီး လှစ်ခနဲ ထွက်ပြေးလိုက်သည်။

"ကျော်ကြီးတို့ သမီးကို အရင်လိုက်"

သူမ ခြံစည်းရိုးအပြင်ရောက်သည့် အချိန်မှာ နောက်က ပြေးလိုက်လာသော ခြေသံတွေကို ကြားနေရသည်။

သူမနောက်က ခြေသံတွေက သူမ ခြေလှမ်းတွေကို ပိုမိုသွက်လက်စေသည်။

ဘယ်နည်းနဲ့မှ အမိခံလို့မဖြစ်။

မိသွားလျှင် ရာဇဝင်ဆီ သူမ ဘယ်နည်းနဲ့မှ ပြန်ရောက်နိုင်တော့မည် မဟုတ်။

ထောင့်ချိုးလေးတစ်ခုအရောက်မှာ လစ်ဟာနေသော မြောင်းအပေါက်သေးသေးလေးကို သူမ တွေ့လိုက်ရသည်။

ဘာမှ မစဉ်းစားဘဲ ထိုမြောင်းပေါက်ထဲ သူမ ခုန်ဆင်းလိုက်သည်။





ဆိုးဝါးလှသော မြောင်းပုပ်နံက သူမ နှာခေါင်းထဲသို့ အလုအယက် ဝင်ရောက်လာသည်။

ခါးထိနီးပါးရှိသော မြောင်းပုပ်ရည်များကလည်း သူမတစ်ကိုယ်လုံးကို နံစော်ပေရေစေသည်။

သူမ အောင့်အည်းသည်းခံပြီး နေလိုက်သည်။

များစွာသော ခြေသံများကို ကြားရသည်။

နှစ်ယောက်တည်း မဖြစ်နိုင်တော့။

"ဘယ်ရောက်သွားလဲ မသိဘူး အမြန်လိုက်၊ မင်းတို့က ဒီမှာ စောင့်နေ"

သူမ ပုန်းသည့်နေရာနားမှာ လူခွဲပြီး ထားသွားသဖြင့် သူမ ထွက်လို့မဖြစ်။

ပြင်းထန်နံစော်လှသော အနံ့ကလည်း နှိပ်စက်လှသည်။

တစ်ခါမှ မပေါ်ဖူးသော ကြောက်ရွံ့စိတ်ကြောင့် သူမ တစ်ကိုယ်လုံး တုန်ယင်လာသည်။

ရာဇဝင် ... ပထမဦးဆုံးအကြိမ် သူ့ကို အားကိုးတမ်းတပြီး ငိုချင်လာသည်။

ရာဇဝင် ... နင် ဘယ်ရောက်နေလဲ ...

သူ့ရဲ့ကောင်းကြီးလုပ်ကာ ရာဇဝင်ကို ထွက်ပြေးခိုင်းပြီး အခုမှ သူမတစ်ယောက်တည်း ကြောက်နေမိသည်။

ပတ်ဝန်းကျင်တစ်ခုလုံးက မှောင်မည်းနေသည်။

ဘယ်သူမှ ရှိမနေသည့် မြောင်းပုပ်ထဲမှာ သူမ တစ်ယောက်တည်း ...

ရာဇဝင်ရယ် ငါ့ကို အမြန်လာခေါ်ပါ။

ဒီနေရာက ရာဇဝင်ရဲ့ အိမ်ရောက်ဖို့ဆိုတာ တော်တော်လှမ်းသောခရီးဖြစ်သည်။





"ဒီ Taxi ကလည်း ဒီနားက ဖြတ်နေတာ ဘယ်နှခေါက်ရှိပြီလဲ"

သူမ ရှိနေသည့် မြောင်းအပေါ်မှာ ရှိသည့်လူက မကျေနပ်သလို ရေရွတ်နေသည်။

ဒါ ရာဇဝင် ကားဆိုတာ သူမ အလိုလို သိလိုက်ပြီ။

ရာဇဝင် သူမကို လိုက်ရှာနေသည်ပေါ့။

သူမမှာ အန္တရာယ် မရှိနိုင်မှန်း သိရက်နဲ့တောင် ကိုယ်လွတ်ရုန်း မပြေး။

ကားရပ်သံကို သူမ ကြားသဖြင့် အရဲစွန့်ပြီး ထွက်လိုက်သည်။

"ရာဇဝင်"

သူမ အသံကုန်အော်ပြီး ကားနောက်ကို ပြေးလိုက်သည်။

"ဟိတ် ... ဟိတ် ... နေဦး"

သူမကို တွေ့သွားသည့် လူကလည်း သူမနောက်မှ အတင်းပြေးလိုက်လာသည်။

သူမ ဘယ်လောက်ပင် မြန်မြန်ဆန်ဆန် ပြေးပြေး နောက်ကလူက သူမထက်မြန်ပါသည်။

ဖျတ်ခနဲ သူမလက်ကို ဖမ်းယူဆုပ်ကိုင်လိုက်သည်။

ရာဇဝင့် ကားက ထိုးရပ်သွားပြီး ရာဇဝင် ကား ပေါ်က ဆင်းလာသည်။

"ဟော့ကောင် ... လွှတ်လိုက်စမ်း"

ရာဇဝင် အသံက မာကျောသည်နှင့်အမျှ ရာဇဝင် လက်သီးကလည်း ပြင်းထန်ပါလိမ့်မည်။

ပြီးတော့ ထိုလူ့လက်ထဲက သူမကို အသာလေး ဆွဲယူလိုက်သည်။





တစ်ခဏအတွင်းမှာ သူမသည် ရာဇဝင် ကားပေါ် ရောက်သွားသည်။

ခုနက ကြောက်ရွံ့စိတ်တွေက အခုမှ အားကိုးရာ တွေ့၍ ထုတ်ပြခွင့်ရသလို အားရပါးရ ငိုမိသည်။

သူမတို့ နှစ်ယောက်ကြားမှာ ရှိသည့် ပြေလည်မှု အားလုံးက တစ်ခဏအတွင်းမှာလည်း ပျောက်သွားတတ်သေးသည်။

သူမရဲ့ ဇွတ်တရွတ် ခေါင်းမာမှုက တစ်ခါတလေကျတော့ သူ့အား အလျှော့မပေးချင်။

အနိုင်ယူချင်နေသည့် စိတ်က ပြဿနာများအား ဖန်တီးနေသည်။





ထိုနေ့ညနေက သီဟဖြူနှင့် ညနေစာ သွားစားဖို့ ချိန်းထားတာမို့ သူမ အလှပြင်ဆင်ပြီး အေးအေးဆေးဆေး ထိုင်စောင့်နေမိသည်။

ထိုအချိန်မှာပဲ ရာဇဝင်က ပြန်ရောက်လာသည်။

"ဘယ်သွားမလို့လဲ"

သူမ ပြင်ဆင်ထားသည်က အပြင်ထွက်မည့်ပုံမှန်း သိသာနေတာမို့ မေးခြင်းဖြစ်လိမ့်မည်။

"မိတ်ဆွေတစ်ယောက်နဲ့ ထမင်းသွားစားမလို့"

"အဲဒီမိတ်ဆွေက ဟိုကောင် မဟုတ်လား"

သူ သုံးနှုန်းလိုက်သည့် ဟိုကောင် ဆိုသည့် စကားလုံးက အတော်ရင့်သီးလှသည်။

ဒီအသုံးအနှုန်းမှာ သူမရဲ့ မကျေနပ်ချက်တွေ ထည့်သွင်းထားသလား မသိ။

"ဟုတ်တယ် ... ကျွန်မ သီဟဖြူနဲ့ ထမင်းသွားစားမလို့ ချိန်းထားတယ်"

"မင်း ငတ်နေလို့လား"

ဒေါသတကြီး ဖြစ်နေသည့် သူ့ပုံစံက ထိုခဏမှာ သူမ လက်မခံချင်။

"ငတ်နေလို့ မဟုတ်ဘူး၊ သူနဲ့ လိုက်စားသင့်တယ်ထင်လို့ လိုက်စားတာ"

သူမနှင့် အရင်က မသိကျွမ်းခဲ့ဖူးသော သတို့သားလောင်း တစ်ယောက်ကို လေ့လာလိုသော စိတ်နှင့်အတူ "သီဟဖြူ" ဆိုတာ ဘယ်လိုလူမျိုးလဲ ဆိုတာ စူးစမ်းသိချင်စိတ်ပါ သူမမှာ ရှိနေတာကြောင့် လက်ခံသင့်သည်ဟု သူမ ထင်သည်။

"ဘာ ထင်တာလဲ"

သူ့ရဲ့ မျက်ဝန်းတွေက ဒေါသကြောင့် ပိုမိုစူးရှလာသလို၊ လေသံကလည်း ပြတ်သားမာကျောလာသည်။





သီဟဖြူနှင့် ပတ်သက်ပြီး မခံမရပ်နိုင်အောင် ဖြစ်နေတယ်ဆိုတာ သူကိုယ်တိုင်တောင် သိပုံမပေါ်။

"သီဟဖြူ ဆိုတာ မင်္ဂလာပွဲတုန်းက ကျွန်မကြောင့် မျက်နှာပျက်ခဲ့တဲ့ အရင်က ကျွန်မရဲ့ သတို့သားလောင်း ပဲ"

သူ ... သူမကို ငေးကြည့်ပြီး ငြိမ်သက်သွားသည်မှာ အကြာကြီး ဖြစ်သည်။

သူ့ရဲ့ဒေါသတကြီး ဆက်ဆံတာကို ခံထားရသည့် သူမရဲ့ မခံချင်စိတ်က မပြေသေး။

ဒါကြောင့်လည်း သူမ လှောင်သလို ပြုံးလိုက်ပြီး ...

"အဲဒီတော့ ... ကျွန်မ သူနဲ့ ထမင်းလိုက်စားသင့်ပါတယ် နော်"

"မင်း ... ရွှေနွယ်ကြိုး မှန်း သူ သိလား"

သူမကို ရွှေနွယ်ကြိုးမှန်း သိသွားမှာ သူ့ထက်ပင် သူမက ကြောက်သေးသည်။

"မသိဘူး"

"မယုံနိုင်စရာပဲ"

သူက ဒေါသတွေ ကွယ်ပျောက်ကာ သူမရှေ့ရှိ ကုလားထိုင်မှာ အရုပ်ကြိုးပြတ်သလို ဝင်ထိုင်ရင်း ညည်းသည်။

သူ မယုံနိုင်သလိုပင် သူမ တောင်မှ အံ့အားသင့်ခဲ့သေးသည်။

သူမနှင့် သီဟဖြူ တစ်ယောက်ကို တစ်ယောက် မသိသည့် အချက်များကို သီဟဖြူ စကားမှတစ်ဆင့် သူမ သိခွင့်ရခဲ့သည်။

"ညီညီက ရွှေနွယ်ကြိုး ဓာတ်ပုံဆိုပြီး ကိုယ့်လက်ထဲ လာထိုးထည့်ကတည်းက ဓာတ်ပုံကိုကြည့်ပြီး စိတ်ပျက်သွားတယ်၊ ဝ,တာက ပေါင် ၁၆၀ လောက် ရှိမလား မသိဘူး"





သီဟဖြူ စကား ကြားစဉ်က သူမ အတော်လေး ရယ်ချင်ခဲ့သည်။

သူမကရော ဘာထူးလို့လဲ ...

ညီမလေး လာပေးသော သီဟဖြူ ဓာတ်ပုံက မည်းမည်းဝဝနှင့် ထိပ်ပြောင်ပြောင် ယောကျ်ားတစ်ယောက်။

အခု သူမ သိသော သီဟဖြူနှင့် တခြားစီပင် ဖြစ်သည်။

သီဟဖြူ၏ညီနှင့် သူမ၏ ညီမလေးတို့ နောက်ပြောင်မှုက ထူးဆန်းစွာ လာတိုက်ဆိုင်ပြီး၊ သီဟဖြူနှင့် သူမ တစ်ယောက်ကိုတစ်ယောက် မသိဘဲ စိတ်ပျက်ခဲ့ကြသည်။

ဒါကြောင့်လည်း မင်္ဂလာပွဲ ပျက်ခဲ့ရသည်။

"ဟုတ်တယ် ... မယုံနိုင်စရာပဲ၊ ငါရော သီဟဖြူရော အရင်တုန်းက တစ်ယောက်ကို တစ်ယောက် မသိကြဘူး၊ မမြင်ဖူးကြဘူး"

သူမရှေ့မှာ ငြိမ်သက်စွာ ထိုင်နေသော ရာဇဝင်သည် ခုနတုန်းက ဒေါသတကြီး အော်ဟစ်ခဲ့သော ရာဇဝင် မဟုတ်တော့ သလို ငြိမ်သက်နေသည်။

ရာဇဝင်ကရော သူမနှင့် ဘာမှ မပတ်သက်ဘဲ အခုလို ဖြစ်နေစရာ အကြောင်းမရှိ။

သူမနှင့် ပတ်သက်သည့် သံယောဇဉ်တွေကို ရာဇဝင် ဘယ်တုန်းက ထုတ်ဖော်ပြသဖူးလို့လဲ။

တွေးမိတာနှင့် သူမ မကျေမနပ် ဖြစ်ရသည်။

"နေပါဦး ... ငါ သီဟဖြူနဲ့ အပြင်လိုက်သွားတာ နင့်ကို မထိခိုက်ပါဘူးနော်"

"မထိခိုက်ပါဘူး၊ ဘာလို့ ထိခိုက်ရမှာလဲ"

မထိမဲ့မြင် ပြန်ဖြေပုံက ဟိုအရင် သူမ,တွေ့ခဲ့ဖူးသည့် ရာဇဝင် ဖြစ်နေသည်။





သူ့ရဲ့ မာနကို သေတာတောင် ကာကွယ်မဲ့ယောက်ျား ဟု သူမ ခပ်ညစ်ညစ် တွေးလိုက်သေးသည်။

"အေးလေ ... ငါနဲ့ ပတ်သက်ပြီး နင့်ဘက်က ဘာမှ မထိခိုက်ဖို့ပဲ လိုတယ်၊ အဲဒါ အရေးကြီးဆုံးပဲ"

"အနေသာကြီး"

သူသည် သူမကို တစ်ချက်မှ လှည့်မကြည့်ဘဲ လှည့်ထွက်သွားသည်။

"အနေသာကြီး" ဆိုသော သူ့ရဲ့ နောက်ဆုံးစကားကြောင့် သူမ ဒေါသဖြစ်ရမည့်အစား နင့်နင့်သီးသီး ဝမ်းနည်းသွားသည်။

ရာဇဝင်မှာ သူမနှင့်ပတ်သက်ပြီး တကယ်ပဲ အချစ် မရှိဘူးလား။

သူမရဲ့ အဖြစ်အပျက်က ဘယ်သူမှ မယုံနိုင်စရာ ဖြစ်သည်။

ရာဇဝင်က သူမကို တအံ့တသြ ဖြစ်ခဲ့သလိုပင်၊ နွယ်လေးကလည်း အခု တအံ့တသြ ဖြစ်နေသည်။

သူမကို ပြုံးကြောင်ကြောင်လေး ကြည့်ပြီး သက်ပြင်းချသည်။

"ဒါဆိုရင် မမ ကိုသီဟဖြူကို လေ့လာမယ်ပေါ့၊ ဟုတ်လား"





"ဟုတ်တယ်လေ ... သူ မမကို ရွှေနွယ်ကြိုး ဆိုတာ မသိခင် အခြေအနေက မမ လေ့လာဖို့ အကောင်းဆုံးပဲ ပေါ့"

"ဒါဆိုရင် မမ သူ့ကို ချစ်လို့ပေါ့ ဟုတ်လား"

သူမ ရင်ထဲ နင့်ခနဲ ဖြစ်သွားသည်။

ချစ်လား တဲ့ ...

ရာဇဝင် မျက်နှာကို ပြေးမြင်ယောင်ရင်း သူမ ဖျပ်ဖျပ်ခါ နာကျင်သွားသည်။

သူမ အပေါ်မှာ အချစ်မရှိတဲ့ ယောကျ်ားတစ်ယောက်ကိုမှ ဘာကြောင့် တွယ်တာချင်ရတာလဲ။

"မမ မသိဘူး"

နွယ်လေးက ခပ်ညည်းညည်းလေး ပြောသည်။

"မမသာ သူ့ကို ချစ်သွားရင် ကိုကိုတော့ ဒုက္ခပါပဲ"

"ဘာဆိုင်လို့လဲ"

"ကိုကိုက မမကို ချစ်နေတဲ့ဟာကို"

သူမက မယုံနိုင်သလို ဟားတိုက် ရယ်ပစ်လိုက်သည်။

ဘယ်လိုမှ မဖြစ်နိုင်သောကိစ္စ ဖြစ်သည်။

"သွားစမ်းပါ၊ နွယ်လေး အစ်ကိုက မမကို ရှိတယ်လို့တောင် မထင်ဘူး"

"ဟုတ်ပါတယ် မမရယ်၊ မမတို့ နှစ်ယောက်က ကြိုးဝိုင်းထဲကလူမို့လို့ တစ်ယောက်ရဲ့ အားနည်းချက် တစ်ယောက်မသိတာ၊ ညီမလေးတို့က ကြိုးဝိုင်းအပြင်ကလူ ဆိုတော့ ပိုသိနိုင်တာပေါ့"

"နွယ်လေး ပြောတာနဲ့ မမတို့က လက်ဖွဲ့ထိုးတဲ့လူတွေဖြစ်ကုန်ပြီ"





သူမ လှိုက်ခနဲ တစ်ချက်တော့ ပျော်သွားသည်။ နွယ်လေး ပြောသလိုများ ဖြစ်နေမလား ဆိုသည့် အတွေးနဲ့ပေါ့။

ဒါပေမဲ့ ရာဇဝင်ရယ် ... သူမကို ဖွင့်ဟပြောလို့ရတာပဲကွယ်၊ ဒီလို တွေးမိတော့ သူမ ဝမ်းနည်းသွားသည်။

"အိုး ... သူသာ မမကိုချစ်ရင် ဖွင့်ပြောမှာပေါ့။ မမ ဒီမှာ နေတာ ကြာလှပြီ"

နွယ်လေးက ရယ်မောခေါင်းခါကာ ပြောသည်။

"ကိုကိုက ဒီအရွယ်သာ ရောက်လာတယ်၊ အချစ်ကိုတွေ့ခဲ့ဖူးတာ မဟုတ်ဘူး၊ တကယ်လို့ အချစ်ကို တွေ့ရင်တောင် ဖွင့်ပြီးပြောရမယ်ဆိုတာ သိမှာ မဟုတ်ဘူး၊ ဒီမှာ မမ ... ကိုကို့ရဲ့ လျှို့ဝှက်ချက်ကို ညီမလေး ပြောပြမယ် သိလား၊ ကိုကိုက အချစ်နဲ့ ပတ်သက်ရင် ခပ်ညံ့ညံ့လူ သိလား"

နွယ်လေး စကားအဆုံးမှာ သူမ ခေါင်းအုံးပေါ်မှာ မှောက်ရက် မျက်နှာအပ်လိုက်သည်။

အချစ်ကို နားမလည်တဲ့ ခပ်ညံ့ညံ့ လူတစ်ယောက်ကိုမှ ... သူမ ...။





နောက်ဆုံးအနေနဲ့ သူမရဲ့ စမ်းသပ်မှုကို ပြုလုပ်ဖို့ ဆုံးဖြတ်လိုက်သည်။

ဒီစမ်းသပ်ချက်သည် ရာဇဝင် အပေါ်မှာသာ မူတည်သည်။

သူမရဲ့ စမ်းသပ်ချက် မအောင်မြင်ရင် သူမနှင့် ရာဇဝင်ရဲ့ ဝေးကွာခြင်းသည် တစ်သက်စာ ဖြစ်သွားပေလိမ့်မည်။

သူမ စွန့်စားဖို့တော့ လိုလိမ့်မည်။

ရာဇဝင် ပြန်ရောက်ပြီလားဟု နွယ်လေးကို မေး ကြည့်တော့ "ပြန်ရောက်ပြီ" ဟု ပြောသည်။

အိမ်ရှေ့ရှိ ညမွှေးပန်းပင်နားတွင် ကုလားထိုင်တစ် လုံးနှင့် ငြိမ်သက်စွာ ထိုင်နေသော ရာဇဝင်ကို တွေ့ရသည်။

သူမ ရာဇဝင် ထိုင်နေသော ရှေ့မှာ ရပ်လိုက်သည်။

ရာဇဝင်က သူမကို မော့ကြည့်သည်။

"ရာဇဝင်"

ရာဇဝင်က ဘာလဲ ဆိုသည့် ပုံစံနှင့် မေးဆတ်ပြ သည်။

"ငါ အိမ်ပြန်တော့မယ်"

ရာဇဝင်က သူမကို မကြည့်တော့၊ ခေါင်းငိုက်စိုက် ပြီး ငြိမ်သက်နေသည်။

ဒီစကားပြောလိုက်လျှင်တော့ ရာဇာဝင်ရဲ့ စိတ်ရင်း အမှန်ကို သူမ သိရပေလိမ့်မည်။





ရာဇဝင်က သူမစကားကို မကြားသလို ငြိမ်သက် နေတော့ သူမ ဒေါသထွက်လာသည်။

"ငါ အိမ်ပြန်တော့မယ်လို့ ပြောတာ ကြားလား"

"ကြားပါတယ်"

သူမ ခပ်ဆတ်ဆတ်လေး အော်မှ ရာဇဝင် ခေါင်း မော့လာသည်။

"နင် ဘယ်လိုသဘောရလဲ"

"ဟာ ... ဘာကို သဘောရမှာလဲဟ"

သူမ စကားထဲတွင်တော့ ရာဇဝင်ကို ရှောင်ထွက် ခွင့်ပြုမည် မဟုတ်။

ရာဇဝင် ဝေ့လည်ကြောင်ပတ်လုပ်၍ ရမယ်များ ထင်နေသလား မသိ။

"ဘာကိုပြောရမှာလဲ၊ ငါ အိမ်ပြန်တော့မဲ့ကိစ္စကို ပြောတာ ပေါ့"

သူမ အဲဒီလို ဘုတောမှ နားဝင်သလား မသိ၊ ရာဇဝင်က သူမကို ကြည့်ပြီး ပြုံးရယ်စွာပင် ...

"အိမ်ပြန်ချင်တာများဟာ ပြန်ပေါ့၊ ငါ့သဘောထား မေးနေရသေးလား၊ ဧည့်သည်ဆိုတာ အချိန်တန် အိမ်ပြန် ရမှာပေါ့"

အဲဒီ အချိန်မှာ သူမ အဖြစ်ချင်ဆုံး ဆန္ဒက ရာဇဝင့် မျက်နှာကို ဖြတ်ရိုက်လိုခြင်းပင် ဖြစ်သည်။

ဒီလိုပြောလိုက်သည့် အတွက်လည်း ရာဇဝင် ဟန်ဆောင်နေတာ မဟုတ်နိုင်ဟု သူမ ထင်သွားသည်။

ရာဇဝင်က သူမကို ဧည့်သည်တစ်ယောက်လို သဘောထားနေတာ သေချာသွားသည်။

"ဟုတ်တယ် ... ငါက ဧည့်သည်ဆိုမှတော့ အိမ်ပြန်ရမှာပေါ့၊ ဘယ်သူတားတား နေဖို့ကို စိတ်ကူးမရှိတော့ဘူး၊ ပြန်မယ်"





ယခုလောလောဆယ် သူမ ခေါင်းထဲ ရောက်လာသည်က ရာဇဝင်ကို အနိုင်ရဖို့ ဖြစ်သည်။

သူမနှင့် ပတ်သက်ပြီး ရာဇဝင်ကို နည်းနည်းတော့ အထိနာစေချင်သည်။

"မနက်ဖြန်ကျရင် သီဟဖြူ လာခေါ်လိမ့်မယ်၊ ငါ ... သူ့ကို အလုပ်ကအပြန် အိမ်ပြန်ပို့ခိုင်းလိုက်တော့မယ်"

"ကောင်းသားပဲ ... တော်ကြာ ငါ့ကို လိုက်ပို့ခိုင်းနေရင် ပြေးပေါက်မှားနေဦးမယ်"

သူမ ဘယ်လိုမှ သည်းညည်းမခံနိုင်တော့။

ရာဇဝင့် ရှေ့မှာ ငုတ်တုတ်ထိုင်ပြီး ရာဇဝင့် မျက်နှာကို စေ့စေ့ကြည့်လိုက်သည်။

ရှုတည်တည် ရာဇဝင့် မျက်နှာမှာ ဘာခံစားချက်မှ ပေါ်လွင်မနေ။

သူမ ချက်ချင်းသိလိုက်သည်။

ဒီစမ်းသပ်မှုမှာ ရှုံးနိမ့်သူက သူမသာ ဖြစ်သည်။ ရာဇဝင် မဟုတ်။

သူမ အံကိုတင်းတင်းကြိတ်ပြီး မေးလိုက်သည်။

"ဒါ နင့်ဆန္ဒ အမှန်ပဲပေါ့ ... ဟုတ်လား"

"အေး ... ဟုတ်တယ်"

တိုးညင်းသော်လည်း ပြတ်သားသော အသံအဆုံးမှာ သူမ ချာခနဲ လှည့်ထွက်ခဲ့သည်။

မငိုဘဲနဲ့ စီးကျလာသော မျက်ရည်များကို ခပ်ကြမ်းကြမ်း သုတ်ပစ်လိုက်သည်။

ဒီမျက်ရည်တွေကိုတော့ ရာဇဝင် မမြင်စေရ။



ရွှေစင်... စာကြည့်တိုက် ... ပညာ ... ဝဏ္ဏ ... အသုံးနည်း (၆) ရပ်ကွက်၊ ကမာရွတ်



သူ့စားပွဲပေါ် တင်လိုက်သည့် စာအိတ်အဖြူလေးကို သူက နားမလည်နိုင်သလို ကြည့်မိသည်။

သူ နားမလည် ...

သူ့ရှေ့တည့်တည့်မှာ ထိုင်နေသော သူမက ပေးတာဖြစ်သဖြင့် သူ ပိုပြီးနားမလည်။

"ဒါ ... ဘာလဲ"

သူက ဖွင့်မကြည့်ဘဲ စာအိတ်ပေါ် လက်ညှိုးထောက်ကာ မေးလိုက်သည်။

"ကျွန်မရဲ့ အလုပ်ထွက်စာပါ"

သူမကို ကြည့်ရသည်မှာ စိတ်နှင့်ကိုယ် မကပ်သလို မျက်နှာထားက တွေဝေငေးကြောင်နေသည်။

သူမ တစ်ခုခု ဖြစ်ခဲ့ပုံပေါ်သည်။

ဒါကြောင့်လည်း အလုပ်ထွက်စာ လာတင်တာ ဖြစ်မည်။

"မင်း ... တစ်ခုခုများ ..."

"ကျွန်မရဲ့ အလုပ်ထွက်စာကို လက်ခံပါ"

"ဘာဖြစ်ပြန်ပြီလဲကွာ"

သူမကြောင့် သူ အမြဲတမ်း စိတ်ဒုက္ခရောက်ရသည်။

သူမက သူ့ရဲ့ခံစားချက်တွေ ဆိုးဝါးအောင် အမြဲဖန်တီးနိုင်သည်။





"ကျွန်မ အိမ်ပြန်တော့မယ်"

သူ့ စိတ်ထဲမှာ ထင့်ခနဲ ဖြစ်သွားသည်။

ဒါဆိုရင် ... သူမနဲ့ ဝေးတော့မယ်ပေါ့။

ပူလောင်မှုနဲ့အတူ ချက်ချင်း တားမြစ်လိုက်သည်။

"မပြန်ပါနဲ့ ပန်းရိုးဖြူရယ်၊ ကိုယ် မင်းကို မခွဲနိုင်ဘူး"

"အကယ်၍ ကျွန်မသာ ရွှေနှယ်ကြိုး ဆိုရင် ရှင် ဘယ်လို လုပ်မလဲ"

အမေးတခြား အဖြေတခြား ဖြစ်နေသည်။

သူမက တစ်ခါတလေကျရင် အဓိပ္ပာယ်မရှိသော မေးခွန်းများကိုလည်း မေးတတ်သေးသည်ပေါ့။

"ရွှေနှယ်ကြိုး ... ဟုတ်လား"

လှစ်ခနဲ ပေါ်လာသော ရယ်ချင်စိတ်ကို မနည်း ထိန်းလိုက်ရသည်။

"ဟုတ်တယ်လေ"

သူမတောင် အတည်ပေါက် နောက်နေမှတော့ သူ နောက်လည်း ဘာအရေးကြီးလဲ။

"မင်းသာ ရွှေနွယ်ကြိုး ဆိုရင် မင်းအိမ်မှာ အခုလိုက်တောင်းပြီး ချက်ချင်း လက်ထပ်မယ်"

"ရှင် တကယ်ပြောတာလား"

သူမ မျက်နှာကို စေ့စေ့ကြည့်တော့လည်း နောက်ပြောင်နေသည့်ဟန် လုံးဝမတွေ့။

"ကောင်းပြီလေ ... မင်းသာ ရွှေနွယ်ကြိုး ဆိုရင် ကိုယ်တို့ အခု မင်းအိမ်ကို သွားကြရအောင်"

ဒီလောက်ပြောရုံနဲ့ဆို သူမရဲ့ အကဲဖြတ်မှုက ပြီးသွားနိုင်လောက်သည်။

"သွားကြစို့လေ"





သူမက ဦးဆောင်ပြီး ထ,ရပ်လိုက်သဖြင့် သူ ဇဝေဇဝါ ဖြစ်သွားသည်။

လုံးဝမဖြစ်နိုင်တာဘဲ။

"သွားမယ်လေ"

သူမက ထပ်ပြီး သတိပေးလိုက်မှ သူ, သူမနောက်မှ အသာလိုက်လာခဲ့မိသည်။

ပြီးတော့ သူမ ညွှန်သည့်နေရာကို ကားမောင်းပို့ပေးမိသည်။

သူမ ညွှန်ပြသည့် ခြံတစ်ခြံက သူ့ကို အသက်ရှူမှားယွင်းစေသည်။

သူ တစ်ခေါက်သာ ရောက်ဖူးသော ရွှေနွယ်ကြိုးရဲ့ ခြံဆိုတာ သူ ကောင်းကောင်း မှတ်မိနေသည်။

အဲဒီတုန်းက ရွှေနွယ်ကြိုးနှင့် သူ မတွေ့ခဲ့ရ။ သူမ မိဘတွေနဲ့သာ တွေ့ခဲ့ရသည်။

ကားပေါ်က ဆင်းသည်နှင့် သူမက စေ့ထားရုံ စေ့ထားသော အိမ်တံခါးကို အသာတွန်းဖွင့် ဝင်လိုက်သည်။

"သမီး"

"မမ"

ဆိုသည့် အသံတွေနဲ့အတူ လူရိပ်နှစ်ခုက သူမနားသို့ ရောက်ရှိလာသည်။

"နွယ်ကြိုး ... မေမေ့ သမီးလေး ... ဘယ်လျှောက်သွားနေတာလဲ"

ရွှေနွယ်ကြိုး အမေကိုတော့ သူ ကောင်းကောင်းမှတ်မိပါသည်။

ဒါဆိုရင် ... သူမက ရွှေနွယ်ကြိုးပေါ့။

အဖြစ်အပျက်တွေ ရုပ်ရှင်ဆန်လွန်းလှသဖြင့် ရုတ်တရက် သူ လက်ခံလို့မရ ဖြစ်နေသည်။





အပေါ်ထပ်ကနေ ရွှေနွယ်ကြိုးအဖေ ပြေးဆင်းလာသည်။

"နင် ဘယ်လျှောက်သွားနေတာလဲ၊ မိဘကို ဒုက္ခပေးတဲ့ သမီး"

လက်ပြန်ရိုက်ချလိုက်တာက မြန်ဆန်လွန်းလှသည်။ သူမ ခွေခနဲ လဲကျသွားသည်။

"မလုပ်ပါနဲ့ ဦးလေး"

သူ မနေနိုင်။ သူမကို ပွေ့ထူမိသည်။

သူမ နှုတ်ခမ်းထောင့်စွန်းက သွေးစအချို့ ထွက်ကျလာသည်။

သူ့ရင်ထဲမှာ အတော်လေး စိတ်မကောင်းဖြစ်သွားတာကြောင့် သူမကို ကာကွယ်ပြီးသား ဖြစ်နေသည်။

"သူ့မှာ အပြစ်မရှိပါဘူး ဦး၊ သူ့ကို ကျွန်တော် ဖွက်ထားတာပါ"

သူမအဖေရဲ့ ဦးတည်မှုက သူ့ဘက် ဖြစ်လာသည်။

"မင်း ဘာလို့ ဒီလို လုပ်ရတာလဲ"

"သူက မင်္ဂလာဆောင်ဖို့ စောသေးတယ် ပြောတာနဲ့ ကျွန်တော် သူ့ကိုဖွက်ထားခဲ့တာပါ"

သူ လုပ်တာဆို၍ အဘိုးကြီး၏ မျက်နှာကြောက လျော့သွားသည်။

ဒါပေမဲ့ ကျေနပ်ဟန် မတူသေး။

"မင်းတို့ကွာ ... တော်တော် ပြဿနာရှာတယ်၊ မင်းတို့ရဲ့ သဘောထားကို လူကြီးတွေကို ကြိုပြောပါလား၊ ဘာလို့ ဒီလို လုပ်ရတာလဲ"

သူ့ကို မယုံနိုင်သလို ငေးကြည့်နေသော သူမမျက်ဝန်းတွေကို လွှဲဖယ်ရင်း ဖြေလိုက်သည်။

"အားလုံး ကျွန်တော့် အပြစ်ပါ ဦး"





အိုး ... သူမကို ကာကွယ်ပေးရတာပဲ၊ သူ ပျော်နေသည်။

သူမ နှုတ်ခမ်းက သွေးစ,ကို သုတ်ပေးချင်သော်လည်း သူ လက်မရဲ။

သူရော သူမပါ စကားစ, ရှာမရသလို ညှော့ခန်းအလယ်မှာ တောင့်တောင့်ကြီး ရပ်နေမိသည်။

"အခုကော ... ဘာဖြစ်လို့ ပြန်လာတာလဲ ... ပြောပါဦး"

သူ မဖြေနိုင်ပါ။

ဟုတ်သားပဲ။ သူမ အခုမှ ဘယ်လိုအကြောင်းပြချက်မျိုးနဲ့ သူ့ကို ပို့ခိုင်းပြီး ပြန်လာရတာလဲ။

"သမီးရဲ့ မင်္ဂလာပွဲကို နောက်တစ်ကြိမ် ကျင်းပခွင့်ပေးပါ ဒက်ဒီ"

အဘိုးကြီး မျက်ခုံးနှစ်ဖက် တွန့်တက်သွားသလို သူလည်း ထိတ်ခနဲ ရင်ခုန်သွားသည်။

သူမ တကယ်ပြောတာမှ ဟုတ်ပါရဲ့လား။

သူမကို လှမ်းကြည့်တော့ သူမက သူ့ရဲ့ အတည်ပြုချက်ကို လှမ်းယူသည်။

"ရှင် သဘောတူပါတယ်နော် ကိုသီဟဖြူ"

သူ လျင်မြန်စွာ ခေါင်းညိတ်ပြလိုက်သည်။

အခု ရပ်နေတာ သူမှ ဟုတ်ရဲ့လားဟု သူဘာသာသူ ဇဝေဇဝါ ဖြစ်မိသည်။





အရာရာ အားလုံး ပြေလည်သွားချိန်ရောက်မှ သူမနှင့် အေးအေးဆေးဆေး ထိုင်စကားပြောဖြစ်သည်။

သူကတော့ သူမဟာ ရွှေနှယ်ကြိုး ပါလားဆိုသည့် အသိစိတ်ကို မယုံကြည်နိုင်သေးသလိုလို။

ဝမ်းသာနေသလိုလိုနဲ့ ခံစားချက်များက ရှုပ်ထွေးနေသည်။

သူမဟာ ရွှေနှယ်ကြိုး ဆိုသည့် မိန်းကလေးဆိုတာကို လက်ခံလိုက်သည့် အချိန်မှာ သူမအတွက် မေးခွန်းတွေက တသီတတန်းကြီး သူ့ဆီမှာ ပေါ်လာသည်။

"နွယ်ကြိုး ဘာဖြစ်လို့ ထွက်ပြေးသွားတာလဲ"

သူကတော့ သူမရဲ့ နာမည်ကို ပန်းရိုးဖြူ ဆိုတာ ထက် ရွှေနွယ်ကြိုးကို ပိုနှစ်သက်သည်။

သူမဟာ နွယ်ကြိုးတစ်ချောင်းလို သူ့ကို ရစ်ပတ်နှောင်ဖွဲ့နိုင်သည်ပဲ။

သူမ ထုတ်ပြသည့် ဓာတ်ပုံတစ်ပုံကြောင့် သူ့မှာ ရယ်ရအခက်၊ ငိုရအခက်။

ထိပ်ပြောင်ပြောင်နှင့် ခပ်ဝဝ လူတစ်ယောက်က သူ တဲ့။

"ကျွန်မ လက်ခံရရှိခဲ့တဲ့ ကိုသီဟရဲ့ ဓာတ်ပုံက ဒီဓာတ်ပုံပဲ"

ဒါဆိုရင် သူမလည်း သူ့လိုမျိုး ကျီစယ်နှောက်ပြောင်ခြင်း ခံလိုက်ရသည်ပေါ့။





ပြီးတော့ ... ဒါဟာ သူ့ရဲ့ညီလေးနှင့် သူမရဲ့ညီမလေးရဲ့ လက်ချက်ဆိုတာ အလိုလိုသိသွားသည်။

အင်မတန်မှ အနောက်သန်သည့် လူနှစ်ယောက်ကြောင့် သူ့ရဲ့မင်္ဂလာပွဲ ပျက်ခဲ့ရသည်ပေါ့။

"သူတို့နှစ်ယောက်ကြောင့် ကိုယ်တို့ မင်္ဂလာပွဲ ပျက်ရတာ၊ ဒေါသထွက်ဖို့ ကောင်းတယ်"

သူ တကယ်စိတ်ဆိုးပါသည်။

နို့မို့ဆိုရင် အခုချိန်မှာ သူမနှင့်အတူ အေးချမ်းသည့် ဘဝတစ်ခုကို ပိုင်ဆိုင်နေပြီ ဖြစ်သည်။

"ကျွန်မကတော့ သူတို့ကို ကျေးဇူးတင်တယ်"

"ဘာဖြစ်လို့လဲ"

"သူတို့ကြောင့် ဘဝဆိုတာကို ကျွန်မ သိလာတယ်၊ ကျွန်မ မခံစားဖူးတဲ့ ခံစားချက်တွေ ခံစားတတ်လာတယ်"

သူ တစ်ခုခုကို တွေးပူကာ သူမ မျက်နှာကို လှစ်ခနဲ လှမ်းကြည့်လိုက်မိသည်။

ရင့်ကျက်တည်ငြိမ်သော သူမ မျက်နှာကို သူ အကဲမဖမ်းဘတ်သော်လည်း စိုးရိမ်သွားသည်။

သူမများ ရာဇဝင့်ကို နီးစပ်မှုကြောင့် ဖြစ်ပေါ်လာနိုင်သော အချစ်ကို သူ ဘာလို့ မေ့လျော့နေတာလဲ။

"နွယ်ကြိုး ... ဘာကို ခံစားတတ်လာလို့လဲ"

အမှန်ဆို သူက ဒီထက်ပိုပြီး ပွင့်ပွင့်လင်းလင်း မေးချင်တာ ဖြစ်သည်။

သို့သော် နွယ်ကြိုးကို စော်ကားသလို ဖြစ်သွားမှာကိုတော့ သူ မလိုလား။

"ထမင်းရှာစားရတာ ဘယ်လောက်ခက်ခဲတယ် ဆိုတာ ကျွန်မ သိပြီ၊ ပြီးတော့ ငွေကို တန်ဖိုးထားရမယ် ဆိုတာလည်း ကျွန်မ သိပြီ၊ ပြီးတော့ ..."





သူမ စကားရပ်သွားသည်။

ခပ်ဝေးဝေးကို ငေးကြည့်ပြီး ပြောနေသော သူမရဲ့ အတွေးထဲမှာ ဘာတွေများ စဉ်းစားနေလဲဆိုတာ သူ သိချင်စမ်းလှသည်။

"ပြီးတော့ကော ..."

သူမက ပြုံးရိပ်သမ်းရုံ ပြုံးပြီး ...

"ဒါပါပဲ"

သူ မကျေမနပ် ဖြစ်သွားသည်။

ဒါပဲလား ... သူမ ရင်ထဲမှာ ရှိနေတာ ဒါ အကုန်ပဲလား။

"ကိုယ် မင်းကို တစ်ခုမေးလို့ရမလား၊ မင်း စိတ်မဆိုးဘူးဆိုရင်ပေါ့"

"မေးပါ ... ရပါတယ်"

"မင်းနဲ့ ရာဇဝင်နဲ့က ဘယ်လိုလဲ"

ဒီလောက်တော့ သူ မေးခွင့်ရှိနိုင်ပါသည်။

သံသယများကို ဘဝတစ်လျှောက်လုံး သယ်သွားရမည့်အစား စောစောဖြေရှင်းလိုက်တာက ပိုကောင်းပေလိမ့်မည်။

"ဘာဖြစ်လို့ အဲဒီလို မေးတာလဲ"

မေးခွန်း မေးလိုက်သူက သူ ...

အဖြေတစ်ခု ပြန်ပေးရမည့် သူကလည်း သူပဲဖြစ်နေသည်။

အဖြေတောင်းခံနေသော သူမကို ရဲရဲရင်ဆိုင်ပြီး ကြိုးစားပြုံးလိုက်သည်။

ဒါဟာ သူ့အတွက် သိပ်အရေးမကြီးဘူး ဆိုတာ သက်သေပေါ့။

"ကိုယ် သံသယ ကင်းချင်လို့ပါ"





သူမက ရိပ်ရိပ်လေးပြုံးပြီး ခေါင်းငုံ့သွားသည်။

"ကျွန်မနဲ့ သူနဲ့ ကြားမှာ ဘာမှမရှိပါဘူး၊ ဟုတ်တယ် ... ဘာမှ မရှိဘူး"

သူမ အသံက ခပ်ဝေးဝေးမှ လာနေသလို တိုးဖျော့လွန်းလှသည်။

ဘာပဲပြောပြော သူ ကျေနပ်သွားသည်။

သူ့ရဲ့ သံသယအားလုံးက သူမရဲ့စကားတစ်ခွန်းနဲ့ပင် ချေဖျက်နိုင်သည်။

"ရာဇဝင်ကတော့ မင်းကို သတိရနေမှာ သေချာတယ်"

ဒါကတော့ ရာဇဝင်ရဲ့စိတ်ကို သူ အနီးစပ်ဆုံး ခန့်မှန်းတာ ဖြစ်သည်။

"ကျွန်မကတော့ အဲဒီလို မတွေးချင်တော့ဘူး"

"ဘာဖြစ်လို့လဲ"

"ကျွန်မတို့ရဲ့ မင်္ဂလာပွဲအတွက် လုပ်စရာတွေ အများကြီး ရှိတယ်လေ၊ ကျွန်မ တခြားဟာတွေ လျှောက်တွေးနေလို့ ဘယ်ဖြစ်ပါ့မလဲ"

သူ ပျော်ရွှင်သွားသည်။

သူတို့ရဲ့ မင်္ဂလာပွဲကို သူမ တကယ် အလေးအနက်ထားသည် ဆိုသော အချက်က သူ့ကို အရာရာကို မေ့လျော့စေသည်။





မိုးက ရွာပြီးကာစ ဖြစ်သဖြင့် ပတ်ဝန်းကျင်တစ်ခုလုံး စိုစွတ်နေသည်။

သူက ကားတံခါးဖွင့်ကာ ကားပေါ်မှာ ထိုင်မည်ဟု စိတ်ကူးပြီးမှ ထိုစိတ်ကူးကို ဖျက်လိုက်သည်။

ရာဇဝင်တောင် မိုးခပ်ဖွဲဖွဲအောက်မှာ ရပ်နေနိုင်မှတော့ သူလည်း ရပ်နိုင်ရမည်ပေါ့။

ကန်ရေပြင် မျက်နှာမှုကာ ရပ်နေသော ရာဇဝင့်ရဲ့နံဘေးမှာ သူ ဝင်ရပ်လိုက်သည်။

"ကိစ္စ အရေးကြီးလို့လား ကိုသီဟဖြူ"

သူတို့နှစ်ယောက် တစ်ခေါက်သာ စကားပြောဖူးသော်လည်း တစ်ယောက်ရဲ့ နာမည်ကို တစ်ယောက်က မမေ့မလျော့ မှတ်မိနေသည်။

ဒါဟာလည်း သူမဆိုသည့် ရွှေနွယ်ကြိုးနှင့် ပတ်သက်နေ၍ပေါ့ ...။

"ဆိုပါတော့"

"ရွှေနွယ်ကြိုး ကိစ္စပဲပေါ့"

သူတို့နှစ်ယောက်ကြားမှာ ဒီကိစ္စကလွဲ၍ တခြားဘာမှမရှိနိုင်။

"ဟုတ်ပါတယ် နွယ်ကြိုးနဲ့ ပတ်သက်ပြီး ကျွန်တော် မရှင်းတာ ဆိုတာထက် သိချင်တာဆိုရင် ပိုမှန်လိမ့်မယ်"

"ရပါတယ် ... ခင်ဗျား သိချင်တာ မေးပါ"





အေးစက်စက် မျက်နှာထားက ဘာကိုမှ အလေးထားပုံ မပေါ်။ ရဲရင့်စွာပင် သူ့မေးခွန်းများကို စိန်ခေါ်နေသည်။

"ခင်ဗျားနဲ့ ရွှေနွယ်ကြိုးက ဘယ်လိုလဲ"

ရာဇဝင်က သူ့ကို လှည့်ကြည့်စဉ် သူ မသိချင်ယောင် ဆောင်လိုက်သည်။

ဒီမေးခွန်းကို မေးရသည့်အတွက် အနည်းငယ်တော့ သူ ရှက်မိပါသည်။

ဒါပေမဲ့ ရှင်းရှင်းလင်းလင်းတော့ သူ သိချင်သည်။

ရာဇဝင်က သူ့ကို တစ်ချက်သာကြည့်ပြီး ပြန်လှည့်သွားသည်။

"ကျွန်တော်နဲ့ ရွှေနွယ်ကြိုး ကြားထဲမှာ ဘာမှမရှိပါဘူး၊ ဟုတ်တယ် ... ဘာမှ မရှိဘူး"

သူ အံ့သြစွာနှင့် ခဏငြိမ်သက်သွားသည်။

ရာဇဝင်ရဲ့ အဖြေသည် သူမရဲ့အဖြေနှင့် ထပ်တူထပ်မျှ သွားတူနေသည်။

ထပ်တူထပ်မျှ သွားတူနေသော အဖြေက သူ့ကို သံသယစိတ် ပိုမိုကြီးထွားစေသည်။

"ကျွန်တော် မယုံဘူး"

သူ့ရဲ့စိတ်က ဘယ်လိုမှ လက်မခံနိုင်။

"ခင်ဗျား မယုံလည်း ဘာမှ မတတ်နိုင်ဘူး၊ ကျွန်တော်က ရွှေနွယ်ကြိုးကို ချစ်တယ်လို့ တစ်ခါမှ မပြောဖူးသလို၊ ရွှေနွယ်ကြိုးကလည်း မပြောဖူးဘူး၊ ဒီလူနှစ်ယောက်ကြားမှာ ဘာရှိနိုင်မှာလဲ"

ရာဇဝင့်ကို ချိန်းဆိုမိသည့်အတွက် သူ နောင်တရသွားသည်။ ရာဇဝင့် အဖြေများက သူ့နှလုံးသားကို ပိုမိုစူးရှနာကျင်စေသည်။ လူ အကဲခတ်သည့် ပညာကို သူ တော်၍ပဲလား။ ဒါမှ မဟုတ်





သူပဲ သံသယတွေ ပွားနေလို့လား ...။

"ဒါပေမဲ့ ခင်ဗျား ရွှေနွယ်ကြိုးကို ချစ်တယ် မဟုတ်လား"

"ဟုတ်တယ်"

ရာဇဝင် အလွယ်တကူ ဝန်ခံတော့ သူ ထိတ်လန့်သွားသည်။

ရာဇဝင်က သူ့ထက် ရဲရင့်မည်ဆိုတာ စိတ်ထဲက နေ အလိုလို သိနေသည်။

"ဒါဆိုရင် ခင်ဗျား ဘာဖြစ်လို့ ဖွင့်မပြောတာလဲ"

အနီးစပ်ဆုံးသော ချစ်ခြင်းကို ရာဇဝင် ဖွင့်မပြောတော့ သူ့အတွက် ထူးဆန်းလှသည်။

ရာဇဝင်က ခေါင်းကို ခါယမ်းပြီး ခပ်ဖြည်းဖြည်းပြုံးသည်။

"ရွှေနွယ်ကြိုးက ခင်ဗျားကို လေ့လာမယ်လို့ ကျွန်တော့်ကို ပြောဖူးတယ်၊ မိန်းမတစ်ယောက်က သူ ချစ်တဲ့ ယောကျ်ား

တစ်ယောက်ရဲ့ အကြောင်းကိုပဲ လေ့လာဖို့ စိတ်ဝင်စားမှာပေါ့ ... မဟုတ်ဘူးလား"

သူကတော့ အဲ့ဒီလို မထင်မြင်ချင်။ ဒါပေမဲ့ သူ ငြိမ်နေလိုက်သည်။

"အဲဒီကတည်းက ရွှေနွယ်ကြိုးက ခင်ဗျားကို ချစ်တယ်ဆိုတာ ထင်ရှားနေပြီ"

ဒီတစ်ခေါက် ရာဇဝင်ရဲ့ အဖြေက သူ့ကို စိတ်ချမ်းသာစေပါသည်။

"နွယ်ကြိုးက ခင်ဗျားကို ချစ်နေတာ"

ဆိုသည့် သူ့ရဲ့ ထင်မြင်ချက်ကိုတော့ ရာဇဝင့်ကို သူ ဘယ်တော့မှ ပြောဖြစ်မည် မဟုတ်။

"ဒါကြောင့် ... ခင်ဗျား နွယ်ကြိုးကို ဖွင့်မပြောခဲ့တာပေါ့"

"ကိုယ် ရှေ့မှာ သေချာနေတဲ့ပွဲကို ဘာဖြစ်လို့ ဝင်ပြိုင်နေဦးမှာလဲ"







အရှုံး ...

သူ့ စိတ်ထဲကနေ ကျေနပ်စွာ ပြောဖြစ်လိုက်သည်။

အချစ်ကို တစ်ဖက်သတ် ခန့်မှန်းသည်မှာ မှားယွင်းနိုင်ကြောင်း ရာဇဝင် သိပုံမပေါ်။

"ဒါဆိုရင် ခင်ဗျား သံသယ ရှင်းပြီ မဟုတ်လား"

"ကျေးဇူးတင်ပါတယ်"

ရာဇဝင်ကို လှိုက်လှဲစွာပင် နှုတ်ဆက်မိသည်။

ရွှေနွယ်ကြိုးနှင့် ရာဇဝင် ကြားမှာ ဘာမှမရှိခဲ့ဖူးဘူး ဆိုသည့် အချက်က သူ့တစ်ကိုယ်လုံးကို ပေါ့ပါးသွက်လက်စေသည်။

## အပိုင်း(၄)

ဝေးကွာခြင်းရဲ့နောက်မှာ သတိရ တမ်းတခြင်းက နောက်ဆက်တွဲ ပါရှိသည် ဆိုတာ သူ အခု လက်တွေ့သိပြီ။

သူ့ရဲ့ တမ်းတခြင်းတွေက သူ့ကို ငြိမ်သက်တိတ်ဆိတ်စေသည်။

ဒီလို ငြိမ်ငြိမ်လေးထိုင်ပြီး သူမအကြောင်း တွေးနေရတာပဲ သူ ကျေနပ်နေမိသည်။





"မမကတော့ ကိုကို့ကို တစ်ခါတည်း ငြိမ်ဆေးကျွေးခဲ့တာပဲ"

ညီမလေး နောက်ပြောင်သည့်အခါမှာ သူ ဟန်ဆောင်ပြီး ပြုံးရုံသာ တတ်နိုင်သည်။

အရင်လို ပြန်ပြီးနောက်ပြောင်ဖို့ကို စိတ်မပါတော့။ သူမကို မေ့နိုင်အောင် သူ ဘယ်လိုမှ မဖန်တီးနိုင်ခဲ့။ တကယ်ဆို သူမ အိမ်ပြန်မည် ဆိုတာကို ခါတိုင်းလို ...

"မပြန်ရဘူး"ဟု သူ တားဆီးခဲ့ဖို့ ကောင်းသည်။ ဘာဖြစ်လို့ သူ့နှုတ်က ဆွံ့အနေခဲ့မိသလဲ။

သီဟဖြူကို လေ့လာမယ် ဆိုတာနဲ့တင် စည်းဝိုင်းနောက်ကို ဆုတ်ခွာခဲ့တာ သူ သတ္တိနည်းရာ ကျလွန်းသည်။

သူမ ထွက်ခွာသွားပြီးနောက်မှာ သူ့နှလုံးသားတစ်ခုလုံး နာကျင်လာသည်အထိ သူမကို သတိရနေခဲ့သည်။

"ဟယ် ... မမ လာတယ်"

ညီမလေး အော်သံကြောင့် အတွေးရပ်ပြီး အကြည့်က အိမ်ပေါက်ဝဆီ ချက်ချင်းရောက်သွားသည်။

ဆံပင်အားလုံးကို နောက်ပြန်စည်းထားသဖြင့် ရှင်းလင်းနေသော မျက်နှာလေးကို သူ ငတ်မွတ်စွာ ငေးကြည့်ဖြစ်သည်။

"မမ ... လာလေ"

သူမကလည်း သူ့ကို မမှိတ်မသုန် ငေးကြည့်နေသည်။

သူမများ သူ့ကို သတိရလို့လားဟု တွေးမိတော့ သူ ဝမ်းနည်းသွားသည်။

"ကိုကို ... မမကို သွားခေါ်လေ"

ညီမလေး သတိပေးမှ သူ အသိဝင်လာသည်။





"လာလေ"

သူ့အသံက တုန်ယင်သည်နှင့်အမျှ တိုးဖျော့လွန်းလှသည်။

သူ ဒီလောက် ကြွေပျက်စရာမလိုဟု ကိုယ့်ကိုယ်ကိုယ် သတိပေးပြီး ထပ်မံအားတင်းကာ သူမကို ဖိတ်ခေါ်လိုက်သည်။

"ရွှေနှယ်ကြိုး လာလေ"

သူ့အရှေ့က ကုလားထိုင်မှာ သူမက ဝင်ထိုင်သည်။

ပြီးတော့ ညီမလေးနှင့် စကားတွေ ပြောကြသည်။ သူကတော့ ငြိမ်သက်စွာပင် သူမကို ငေးကြည့်နေမိသည်။ ခဏကြာတော့မှ ညီမလေးက သတိရလာသလို ...

"မမ အတွက် လက်ဖက်သုပ်ပေးမယ်"

ညီမလေး တမင်သက်သက် ရှောင်ထွက်သွားသည်ဆိုတာ သူ သိသည်။

"ကိစ္စရှိလို့လား"

"ကိစ္စရှိမှ လာရမှာလား" ဆိုသည့် သူမရဲ့ ရန်တွေ့သံကို သူ မျှော်လင့်နေမိသည်။

သို့သော် သူမက ဘာမှ ပြန်မပြော။

သူမ ကိုင်လာခဲ့သော လက်ပွေ့အိတ်ထဲမှ ဖိတ်စာတစ်စောင်အား ထုတ်ပြီး သူ့ကို ကမ်းပေးသည်။

ထိုခဏမှာ ထိုဖိတ်စာကို လှမ်းယူဖို့ ခွန်အားတွေအားလုံး ပျောက်ဆုံးနေသည်။

မပေးပါနဲ့ ... မပေးပါနဲ့ ... သူ အားကုန်အော်ပြီး ထွက်ပြေးချင်နေမိသည်။

"ရော့လေ"

လက်တွေ့မှာတော့ ဖိတ်စာကို သူ လှမ်းယူလိုက်ရသည်။





"ငါ မင်္ဂလာဆောင်တော့မယ်"

သူ့ရင်တစ်ခုလုံး လစ်ဟာသွားသည်။

ဒီနည်းနဲ့ သူ့ကို အနိုင်ပိုင်းဖို့ သူမ ဖန်တီးခဲ့သလား။

"ဒီတော့ မင်္ဂလာဖိတ်စာ လာပို့ပေးတာပေါ့"

သူက အပြုံးတစ်ခုကို ဟန်ဆောင်ဖန်တီးလိုက်သည်။

သူ့ဘက်က ထိခိုက်နစ်နာမှုကို သူမအား မရိပ်မိစေချင်။

"နင် လာခဲ့မှာလား"

"နင် လာစေချင်ရင် လာခဲ့မယ်"

အခုအချိန်မှာ သူမရဲ့ ဆန္ဒအားလုံးကို နောက်ဆုံးအနေနှင့် ဖြည့်ဆည်းပေးဖို့ သူ အသင့်ဖြစ်နေသည်။

"နင် လာချင်သလား"

"နင့်သဘောလို့ ပြောပြီးပြီလေ"

သူမက သူ့ကို စူးစူးစိုက်စိုက် ... ဟိုးအဝေးကြီး ရောက်သည့်အထိ ငေးကြည့်ပြီး ခပ်တိုးတိုးပြောသည်။

"နင်ဟာ အခုချိန်ထိ နင့်ရဲ့ဆန္ဒတွေကို အနောက်ကိုပို့နိုင် တုန်းပဲနော်"

သူ ဘာမှမပြော။

သူမ အသံက တဖြည်းဖြည်းနဲ့ ထိန်းမရသလို စူးရှ လာသည်။

"ငါနဲ့ စတွေ့တုန်းကလို ငါ့ကိုအမိန့်ပေးပါလား၊ ဟိုမသွားနဲ့ ဒါမလုပ်နဲ့လို့ အမိန့်တွေ ပေးပါလား၊ ဘာဖြစ်လို့ အမိန့် တွေနဲ့ ငါ့ကို မတားမြစ်ခဲ့သလဲ၊ နင် ဘာဖြစ်လို့ ..."

ပြောလက်စ စကားကို ရှေ့ဆက်မရသလို သူမက တုန်ယင်စွာ ရပ်တန့်လိုက်သည်။





သူမ နှုတ်ခမ်းလေး တဆတ်ဆတ် တုန်နေသည့်ကို သူ စိတ်မကောင်းစွာ ငေးကြည့်ရင်း တောင်းပန်မိသည်။

"ဆောရီး"

"ဒီစကားတစ်ခွန်းနဲ့ ငါတို့ရဲ့ ခံစားချက်အားလုံး သေဆုံး သွားရင် ကောင်းမှာပဲ"

သူ့တစ်ကိုယ်လုံးမှာ နောင်တတွေ စီးမျောစိမ့်ဝင် နေသည်။

"ငါ ပြန်တော့မယ်၊ နင် ပျော်ပါစေ"

သူမက သူ့အတွက် ဆုတောင်းပေးပြီး ပြန်ဖို့ ထရပ်လိုက်သည်။

ဒီလိုနည်းနဲ့ သူနဲ့ ဝေးရာကို သူမ သွားတော့မယ် ပေါ့။

သူမရဲ့ နှလုံးသား အစစ်အမှန် တစ်စိတ်တစ်ပိုင်းက သူ့ကို နာကျင်အောင် ဖမ်းစားထားသည်။

"နင် သူ့ကို ချစ်လားဟင်"

နောက်ဆုံး အနေနဲ့ သူ လှမ်းမေးလိုက်သည်။

သူမ လှမ်းလက်စခြေလှမ်း ရပ်တန့်သွားသည်။

သူ့ကိုတော့ လှည့်မကြည့်။

"မချစ်ဘူး"





လူအများနှင့် ပြည့်နှက်နေမည့် မင်္ဂလာပွဲကို သူ မသွားချင်ပါ။

ဒါပေမဲ့ သူမကို နောက်ဆုံးအနေနဲ့လည်း တွေ့ချင်သေးသည်။

နာရီကို ကြည့်မိတော့ မင်္ဂလာပွဲစဖို့ တစ်နာရီလောက် လိုသေးသည်။

သူမအိမ်ကို လိုက်သွားဖို့ ဆုံးဖြတ်လိုက်သည်။

သူမ သီဟဖြူနှင့် လက်ချင်းချိတ်ပြီး မင်္ဂလာပွဲ ကျင်းပနေတာကို သူ ကြည့်နိုင်စွမ်း ရှိမည်မထင်။

သူမအိမ် ရောက်တော့ ခြံဝင်းထဲမှာ ကားများနှင့် ပြည့်နေတာကြောင့် သူ့ကားကို ခြံပြင်မှာပဲရပ်ပြီး ခြံထဲကို လျှောက်ဝင်လာခဲ့သည်။

အိမ်အဝင်ဝမှာ ဧည့်သည်အချို့နှင့် ရပ်ပြီး စကား ပြောနေသော သီဟဖြိုးကို တွေ့ရသည်။

သူမကို ပိုင်ဆိုင်ရမည့် ယောကျ်ားဆိုတာကို တွေးမိ တော့ သူ့ရဲ့ မနာလိုစိတ်က ပြည့်တက်လာသည်။

"ဟာ ... ရာဇဝင် ... လာ"

သူ့ကို ဖော်ဖော်ရွေရွေ နှုတ်ဆက်တော့ သူ့ရဲ့မကျေ နပ်စိတ်တွေက အောက်သို့ ရောက်သွားသည်။

"ကျွန်တော်လည်း နယ်သွားစရာ ရှိတာနဲ့ ခင်ဗျားနဲ့ ရွှေနှယ်ကြိုးကို လာနှုတ်ဆက်တာ၊ မင်္ဂလာပွဲကို မလာနိုင်တာ ဆောရီးဗျာ"





တကယ်ဆို သူ နှုတ်ဆက်ပြီး တွေ့ချင်တာက သူမ တစ်ယောက်တည်း ဖြစ်သည်။

"ခဏလေးနော် ... နှယ်ကြိုးကို ခေါ်ပေးမယ်"

ခဏအတွင်း သူမ ရောက်လာသည်။

ရင်သပ်ရှုမောဖွယ်ကောင်းအောင် လှပသော သတို့ သမီးဝတ်စုံနှင့် သူမသည် အစွမ်းကုန် လှပတင့်တယ်နေသည်။

သို့သော်လည်း သူမသည် သူ့ရဲ့သတို့သမီး မဟုတ်။

"ငါ နင့်ကို လာနှုတ်ဆက်တာ"

သူမနှင့် အတူ သီဟဖြိုး မပါလာသည့်အတွက် သူ ကျေးဇူးတင်ပါသည်။

"နှုတ်ဆက်တယ်"

သူမ ခပ်တိုးတိုးလေး ရေရွတ်တော့ သူ စိတ်မ ကောင်း ဖြစ်ရသည်။

"ဟုတ်တယ်လေ ... နောက်ဆိုရင် နင်နဲ့ တွေ့ဖို့ကမလွယ်တော့ဘူး၊ ပြီးတော့ ငါတို့လည်း အိမ်ပြောင်းတော့မယ်"

သူ့မျက်ဝန်းတွေက တက်ကြွမနေ ဖျော့တော့မှေးမှိန်လွန်းလှသည်။

"ရော့ ... ဒီမှာ နင်တို့အတွက် မင်္ဂလာလက်ဖွဲ့"

သူက ဂျာကင်အင်္ကျီထဲမှ နာရီလေးကို သူမလက်ထဲအသာထည့်ပေးလိုက်သည်။

တစ်ချိန်တုန်းက သူမ ပိုင်ဆိုင်ခဲ့သော နာရီလေးဖြစ်သည်။

"ဒါ ... ဒါ ..."

သူမက နာရီလေးကို ကြည့်ရင်း မယုံနိုင်သလို သူ့ကိုမော့ကြည့်သည်။

"ဟုတ်တယ် ... ဒါ ငါအမြတ်နိုးဆုံး ပစ္စည်းလေးပဲ၊ နင့်ကို ပြန်ပေးခဲ့မယ်"





သတို့သမီးဝတ်စုံနှင့် စတွေ့ခဲ့ရသော သူမကို အခုသတို့သမီးဝတ်စုံနှင့် ခွဲခွာရတော့မည်။

ငါ့ရှေ့မှာ နင် မငိုပါနဲ့ ...

သူမ ငိုလိုက်မည်ဆိုလျှင် သူ ဆက်နေဖို့ မသင့်။ သူ ပြန်ဖို့ ဆုံးဖြတ်လိုက်သည်။

"ငါ ပြန်တော့မယ်၊ နင် ပျော်ပါစေ"

သူ ခပ်တိုးတိုးပင် ဆုတောင်းပေးလိုက်သည်။

"ရာဇဝင် ... ငါ ပျော်မယ် ထင်လားဟင်"

သူ ပြန်ခါနီးမှ သူမက မေးခွန်းတွေနှင့် တုံ့ပြန်နေပြန်သည်။

သူ တွေဝေသွားသည်။

သူမ ပျော်မလားတဲ့ ...။

"နင် ပျော်အောင် ငါ ဆုတောင်းပေးမှာပေါ့"

"နောက်ဆုံးအနေနဲ့ အမှန်အတိုင်း ဖြေပါ"

သူ့မျက်ရည်တွေက သူ့ကို ရင်နင့်စေသည်။

သူ အသာအယာ ခေါင်းညိတ်ပြလိုက်သည်။

"ငါ ပျော်ရင် နင်ကောဟင်"

"နင် ပျော်ရင် ငါ ပျော်မှာပေါ့"

"ငါ မပျော်ရင်ကော ..."

သူ စိတ်ကိုတင်းပြီး သူမကို စိုက်ကြည့်ကာ ပြောလိုက်သည်။

"နင် မပျော်ရင် ငါ ငိုနေမှာပေါ့၊ ဒါ အမှန်အတိုင်းပါ နွယ်ကြိုးရယ်၊ အမှန်အတိုင်းပေါ့"

သူက ယိုင်နဲ့နေသော ခြေလှမ်းတွေနဲ့ ပြေးထွက်ခဲ့မိသည်။

"ငါ နင့်ကိုလွမ်းရင် ဘယ်လိုလုပ်ရမလဲ ရာဇဝင်"

သူ့နားထဲသို့ တိုးဝှေ့ဝင်လာသော သူမအသံကို ကြိုးစားဖျောက်ပြီး ကားစက်နှိုးလိုက်သည်။





မနိုပ်စက်ပါနဲ့တော့ နွယ်ကြိုးရယ် ...

ငါ ကိုယ်တိုင်တောင် နင့်ကို လွမ်းရင် ဘာလုပ်ရမှန်း မသိသေးဘူး။

သူ ကားစက်နှိုးရင်း ကားကို ဖြည်းညင်းစွာ ထွက်ခွာဖို့ ပြင်လိုက်သည်။

သူ့အတွက် အရာရာသည် ဆိုးဝါးလွန်းလှသည်။

မီးပွိုင့်တစ်ခု ရောက်တော့ ပိုဆိုးသွားသည်။ သူ့ကားနှင့် ယှဉ်လျက်က ဖဲပြားများစွာ၊ ပန်းများစွာ အလှဆင်ထားသော သူမ၏ မင်္ဂလာကား ဖြစ်နေသည်။

သူ့မှာ မကြည့်ဘဲနဲ့လည်း မနေနိုင်ပါ။

သူ မြင်သလို သူမကလည်း မြင်ပါသည်။

သူမရဲ့ လျှော့ရိလျှော့ရဲ နိုင်လှသော အပြုံးအောက်မှာ သူ ချက်ချင်းသေဆုံးသွားရင် ကောင်းလိမ့်မည်။

မီးပွိုင့်စိမ်းတော့ သူက ဘယ်ဘက်ချိုးကွေ့ပြီး သူမကို သယ်ဆောင်လာသော မင်္ဂလာကားက ညာဘက်ကို ချိုးကွေ့သွားသည်။

သွားပြီပေါ့။

အခုချိန်ကစပြီး သူနှင့် သူမဟာ တစ်လမ်းစီ ဖြစ်သွားပြီပေါ့။

သူ့အတွက် ဘုရားသခင်သည် သတို့သမီး တစ်ယောက်ကို ပြသခဲ့သည်။

ထိုသတို့သမီးသည် သူ ချစ်သော သူမ ဖြစ်သည်။

သို့သော် ထိုသတို့သမီးကို သူ ပိုင်ဆိုင်ခွင့် မရှိခဲ့ပါ။

သူသည် သတို့သမီး၏ ရာဇဝင် သက်သက်သာ ဖြစ်ခဲ့သည်။

အိုးစွမ်းပြည့်